www.burmeseclassic.com

# လောကီရေးရာ ပဒေသာ

နှင့်

## (အခြားသိမှတ်ဖွယ်ရာ အထွေထွေကျမ်း)



ဆရာကြီးမြင့်သား

(ပြုစုရေးသားသည်)

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**

- **ရွှေနိုင်ငံ ပုံနှိပ်တိုက်**
အမှတ်(၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

- **ဒေါ်ခင်မာချို**
**ပန်းဝေဝေ** စာပေ
အမှတ်(၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**ဖြန့်ချိရေး**

- **ရွှေနိုင်ငံ**
**ပိုစတာ၊ ပြက္ခဒိန်၊ စာပေဖြန့်ချိရေးနှင့် ပုံနှိပ်လုပ်ငန်း**
အမှတ်(၈၃)၊ လမ်းမတော်အောက်လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၂၃၀၁၂၃၃, ၂၃၀၁၂၃၀, ၀၉-၈၆၂၀၂၈၈

၈၀၈. ၈၄

ဆရာကြီးမြင့်သား ။-
**လောကီရေးရာပဒေသာ**/ဆရာကြီးမြင့်သား ။-
၄၄-စာ၊ ၁၃ စင်တီ x ၁၈ စင်တီ
(၁) **လောကီရေးရာပဒေသာ**


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ ခုနစ်ရက်သားသမီးအနေအထိုင်။ ... ၁
၂။ တိုင်ပင်နှီးနှောရန်သင့်တော်သည့်နေ့သားများ။ ... ၃
၃။ မလျှကောင်းသောအရပ်များ။ ... ၄
၄။ မင်္ဂလာရက်မြတ်လက်ထပ်ကြရာဝယ်။ ... ၄
၅။ ထိမ်းမြားလက်ထပ်ကြရာဝယ်။ ၄
၆။ ထိမ်းမြားလ, အကျိုးအပြစ်များ။ ... ၅
၇။ သားမွေးခြင်း၏နိမိတ်များ။ ... ၅
၈။ အိမ်ထောင်ဘက်ကိုရွေးရာတွင်။ ... ၆
၉။ အိမ်ထောင်ပျက်တတ်သော အိမ်ထောင်ဘက်။ ... ၆
၁၀။ အိမ်ထောင်နေ့ထပ်အဟော။ ... ၇
၁၁။ မဟာဘုတ်တိုင်ထူနည်း။ ... ၇
၁၂။ မဟာဘုတ်အဒေါများ။ ... ၁၀
၁၃။ ဂြိုလ်စားတွက်နည်း။ ... ၁၅
၁၄။ ဥစ္စာပျောက်အဟောဆောင်ပုဒ်။ ... ၂၀
၁၅။ ကျွဲ၊ နွား၊ ရွှေ၊ ငွေ ဥစ္စာပျောက်အဟော။ ... ၂၀
၁၆။ ဂြိုလ်တို့၏အမည်၊ သင်္ချာ၊ အသက်။ ... ၂၀
၁၇။ ဂြိုလ်တို့၏အကွာရာ။ ... ၂၀
၁၈။ ဂြိုလ်တို့၏အမျိုး ... ၂၂
၁၉။ ဂြိုလ်တို့၏အရပ်မျက်နှာ။ ... ၂၂
၂၀။ ဂြိုလ်တို့၏မူလအရပ်။ ... ၂၃
၂၁။ ဂြိုလ်တို့၏အဆင်း။ ... ၂၃
၂၂။ မှဲ့အကြောင်း၊ သိကောင်းစရာ။ ... ၂၃
၂၃။ ရန်ဘက်ရွေးနည်း။ ... ၂၅
၂၄။ မိတ်ဘက်ရွေးနည်း။ ... ၂၅
၂၅။ ကိုယ်ဝန်ဆောင်တို့ရှောင်ကြဉ်ရန်။ ... ၂၅
၂၆။ စပါးစိုက်သည့်အခါ။ ... ၂၆
၂၇။ မိုးအရိပ်အကဲ။ ... ၂၆
၂၈။ မိုးခေါင်မည့်လက္ခဏာ။ ... ၂၇
၂၉။ ထွန်သွားတပ်ရာတွင်။ ... ၂၇
၃၀။ မျိုးကြဲရက်ရွေးမည်ဆိုလျှင်။ ... ၂၇
၃၁။ လအလိုက်၊ မျိုးကြဲရက်ရွေးနည်း။ ... ၂၈
၃၂။ မည်သည့်လဆန်း၊ လဆုတ်မဆို။ ... ၂၈
၃၃။ စပါးကျီသွင်းသည့်နေ့များ။ ... ၂၈


www.burmeseclassic.com

www.burmeseclassic.com


| | | | |
|---|---|---|---|
| ၃၄။ | [illegible] | ... | ၂၈ |
| ၃၅။ | [illegible] | ... | ၂၈ |
| ၃၆။ | [illegible] | ... | ၂၉ |
| ၃၇။ | ရက်ရာဇာဘယ်လို ရွေးမလဲ။ | ... | ၃၀ |
| ၃၈။ | ပြဿဒါးရက်ဘယ်လိုရွေးမလဲ။ | ... | ၃၀ |
| ၃၉။ | ကရိုဏ်းရက်ရွေးနည်း။ | ... | ၃၁ |
| ၄၀။ | ရက်ယုတ်မာရွေးနည်း။ | ... | ၃၁ |
| ၄၁။ | ရှမ်းရက်ရွေးနည်း။ | ... | ၃၂ |
| ၄၂။ | တာနေရက်ရွေးနည်း။ | ... | ၃၂ |
| ၄၃။ | လဆန်းကိန္နရုပ်ရွေးနည်း။ | ... | ၃၂ |
| ၄၄။ | လဆုတ်ကိန္နရုပ်ရွေးနည်း။ | ... | ၃၃ |
| ၄၅။ | အမြိတ္တာစုတ်ရွေးနည်း။ | ... | ၃၃ |
| ၄၆။ | ဝါရမိတ္တုရက်ရွေးနည်း။ | ... | ၃၄ |
| ၄၇။ | လဒဏ်သင့်ရွေးနည်း။ | ... | ၃၄ |
| ၄၈။ | လတွင်းရွေးနည်း။ | ... | ၃၅ |
| ၄၉။ | သမားညီရက်ရွေးနည်း။ | ... | ၃၅ |
| ၅၀။ | သမားပြုရက်ရွေးနည်း။ | ... | ၃၆ |
| ၅၁။ | မဟာရက်။ | ... | ၃၇ |
| ၅၂။ | ရက်ပုပ်ရွေးနည်း။ | ... | ၃၈ |
| ၅၃။ | နဂါးလှည့်အစဉ်အတိုင်းယူနည်း။ | ... | ၃၈ |
| ၅၄။ | နဂါးပေါ်ရက်ရွေးနည်း။ | ... | ၃၉ |
| ၅၅။ | နတ်နေ-လာဘ်နေရွေးနည်း။ | ... | ၃၉ |
| ၅၆။ | တစ်နည်း-နတ်နေရွေးနည်း။ | ... | ၄၀ |
| ၅၇။ | ပျားစွဲအဟော။ | ... | ၄၀ |
| ၅၈။ | တောင်ပို့ပေါက်အဟော။ | ... | ၄၀ |
| ၅၉။ | အိမ်မြှောင်စုတ်ထိုးအဟော။ | ... | ၄၁ |
| ၆၀။ | လက်ဝဲဘက်အသားလှုပ်အဟော။ | ... | ၄၁ |
| ၆၁။ | လယ်ယာဘက်အသားလှုပ်အဟော။ | ... | ၄၁ |
| ၆၂။ | လယ်နတ်ပူဇော်၍လယ်ထွန်းနည်း။ | ... | ၄၂ |
| ၆၃။ | မိုးခေါင်မည်သိကြောင်း နိမိတ်အဟော။ | ... | ၄၂ |
| ၆၄။ | လူကို ကြွက်ခဲနိမိတ်အဟော။ | ... | ၄၂ |
| ၆၅။ | အဝတ်ကြွက်ခဲနိမိတ်အဟော။ | ... | ၄၂ |
| ၆၆။ | အိမ်ဆောက်လရွေးနည်း။ | ... | ၄၃ |
| ၆၇။ | အိမ်ဆောက်နေ့ရွေးနည်း။ | ... | ၄၃ |
| ၆၈။ | အိမ်ဆောက်ပန္နက်ရိုက်နည်း။ | ... | ၄၃ |
| ၆၉။ | ကျမ်းကိုး။ | ... | ၄၄ |


www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓစီရင်ခန်းအနေအထိုင်

## (တနင်္ဂနွေသားသမီးများအဖို့)

အရှေ့မြောက်အရပ်ကနေလျှင် သူတကာထက် မြတ်မည်။
အရှေ့ကနေလျှင် အဖျားအနာများမည်။
အရှေ့တောင်ကနေလျှင် ဘေးဖြစ်မည်။
တောင်ကနေလျှင် ဥစ္စာရမည်။ လာဘ်လာဘရမည်။
အနောက်တောင်ကနေလျှင် အနိုင်းအစေများမည်။
အနောက်ကနေလျှင် မင်းပူဇော်ခံရမည်။
အနောက်မြောက်ကနေလျှင် အမှုခပ်သိမ်း အောင်မြင်မည်။
ပူဇော်ခံရမည်။

## (တနင်္လာသားသမီးအဖို့)

အရှေ့ကနေလျှင် အနိုင်းအစေများမည်၊
ဆန်ရေစပါးပေါများမည်။
အရှေ့တောင်ကနေလျှင် မီးလောင်မည်။
တောင်ကနေလျှင် ချမ်းသာမည်။
အနောက်တောင်ကနေလျှင် အခြွေအရံများမည်။
အနောက်ကနေလျှင် စီးပွားဖြစ်မည်။
အနောက်မြောက်ကနေလျှင် ဝမ်းသာမည်။

## (အင်္ဂါသားသမီးအဖို့)

မြောက်ကနေလျှင် အငြင်းအခုံများမည်၊ ဆောင်တိုင်းအောင်မည်။
အရှေ့မြောက်ကနေလျှင် စည်းစိမ်ချမ်းသာမည်။
အရှေ့ကနေလျှင် သူတစ်ပါးတို့နှင့် ရန်ကြီးတွေ့မည်။
အရှေ့တောင်ကနေလျှင် စီးပွားဖြစ်မည်။
တောင်ကနေလျှင် ငြိမ်းချမ်းမည်။

www.burmeseclassic.com

www.burmeseclassic.com


အနောက်တောင်ကနေလျှင် သားသမီးအခြွေအရံစုံမည်။
အနောက်ကနေလျှင် ကောင်းစားကြွယ်ဝမည်။ ကြီးသူတို့ ပူဇော်ခံရမည်။
အနောက်မြောက်ကနေလျှင် လာဘ်ရမည်။
မြောက်ကနေလျှင် အနာကြီးသင့်မည်။ ခင်ပွန်းရမည်။
အရှေ့မြောက်ကနေလျှင် စည်းစိမ်ချမ်းသာရမည်။ တရားသမား တို့ ပူဇော်ခံရမည်။

## (ဗုဒ္ဓဟူးသားသမီးများအဖို့)

အရှေ့ကနေလျှင် လာဘ်လာဘရမည်။ စိုးရိမ်ရမည်။
အရှေ့တောင်ကနေလျှင် သူနှင့်မျက်လိုမည်။ ဆင်းရဲမည်။
တောင်ကနေလျှင် ဘေးသင့်မည်။
အနောက်တောင်ကနေလျှင် လာဘ်ရများမည်။
အနောက်ကနေလျှင် မီးဘေးသင့်မည်။
အနောက်မြောက်ကနေလျှင် ဆင်းရဲမည်။ အဖျားအနာများသည်။
မြောက်ကနေလျှင် မင်းပူဇော်ခံရမည်။ အသက်မရှည်။
အရှေ့မြောက်ကနေလျှင် ချမ်းသာမည်။

## (ကြာသပတေးသားသမီးအဖို့)

အရှေ့ကနေလျှင် ချမ်းသာမည်၊ ရန်ရှိမည်။
အရှေ့တောင်ကနေလျှင် ဆွေမျိုးများ ကွေကွင်းရ၍ ဆင်းရဲမည်။
တောင်ကနေလျှင် ဘေးသင့်မည်။
အနောက်တောင်ကနေလျှင် သောကပျောက်မည်။
အနောက်ကနေလျှင် မီးလောင်မည်။
အနောက်မြောက်ကနေလျှင် လာဘ်ရမည်။
မြောက်ကနေလျှင် အဖျားအနာထူမည်။

www.burmeseclassic.com

www.burmeseclassic.com



## (သောကြာသားသမီးအဖို့)

အရှေ့နေလျှင် အငြင်းအခုံများမည်။
အရှေ့တောင်ကနေလျှင် စိတ်ဆင်းရဲမည်။
တောင်ကနေလျှင် အခြွေအရံပေါမည်၊ ဘေးရန်ရှိမည်။
အနောက်တောင်ကနေလျှင် ရန်ပျောက်မည်။
အနောက်ကနေလျှင် စိုးရိမ်ရမည်။
အနောက်မြောက်ကနေလျှင် အဆွေခင်ပွန်းရမည်။
မြောက်ကနေလျှင် ချစ်သူများမည်။
အရှေ့မြောက်ကနေလျှင် အဖျားအနာထူမည်။ သေပျောက်မည်။
လူအများ၏ ပူဇော်ခြင်းခံရမည်။

## (စနေသားသမီးများဖို့)

အရှေ့ကနေလျှင် အဖျားအနာထူ၍ ဘေးရန်ကင်းပျောက်မည်။
အရှေ့တောင်ကနေလျှင် ချမ်းသာမည်။
တောင်ကနေလျှင် အခြွေအရံများမည်။
အနောက်တောင်ကနေလျှင် လာဘ်ရမည်။
အနောက်ကနေလျှင် မီးလောင်မည်။
အနောက်မြောက်ကနေလျှင် လာဘ်ရမည်။ အခြွေအရံများမည်။
မြောက်ကနေလျှင် လူပူဇော်ခံရမည်။
အရှေ့မြောက်ကနေလျှင် ရန်များမည်။ လာဘ်ရမည်။

## တိုင်ပင်နှီးနှောရန် သင့်တော်သည့် နေ့သားများ

တနင်္ဂနွေသားသမီးများ ဗုဒ္ဓဟူးသားသမီးနှင့် တိုင်ပင်ရမည်။
တနင်္လာသားသမီးတို့မှာ ကြာသပတေးသားသမီးနှင့် တိုင်ပင်ရမည်။
အင်္ဂါသားသမီးတို့မှာ သောကြာသားသမီးတို့နှင့် တိုင်ပင်ရမည်။
ဗုဒ္ဓဟူးသားသမီးတို့မှာ စနေသားသမီးတို့နှင့် တိုင်ပင်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



ကြာသပတေးသားသမီးတို့မှာ တနင်္ဂနွေသားသမီးတို့နှင့် တိုင်ပင်ရမည်။
သောကြာသားသမီးတို့မှာ အင်္ဂါသားသမီးတို့နှင့် တိုင်ပင်ရမည်။

## မလှူကောင်းသော အရပ်များ

'တနင်္ဂနွေ၊ စနေ သားသမီးတို့မှာ အနောက်မြောက် အရပ်မှာ အလှူမပေးကောင်း။

တနင်္လာ၊ ကြာသပတေး သားသမီးတို့မှာ အရှေ့မြောက် အရပ်မှာ အလှူမပေးကောင်း။

အင်္ဂါ၊ ရာဟု သားသမီးတို့မှာ အရှေ့တောင်အရပ်မှာ အလှူ မပေးကောင်း။

ဗုဒ္ဓဟူး၊ သောကြာ သားသမီးတို့မှာ အနောက်တောင်အရပ် မှာ အလှူမပေးကောင်း။ ရှောင်ရမည်။ မလိုက်နာလျှင် ခွက်ဆွဲ တောင်းစားရသောအဖြစ်ကို ရောက်မည်ဟု ကျမ်းကဆိုသည်။

## မင်္ဂလာရက်မြတ် လက်ထပ်ကြရာဝယ်

တနင်္ဂနွေနေ့ ထိမ်းမြားသော် ခင်ပွန်းကောင်းရမည်။
တနင်္လာနေ့ထိမ်းမြားသော် အပြီးအဆုံးမရောက်။
အင်္ဂါနေ့ ထိမ်းမြားသော် စုတ်လာဘ်ရမည်။ သူတကာတို့ ပူဇော်ခြင်း ခံရမည်။
ဗုဒ္ဓဟူးနေ့ ထိမ်းမြားသော် ဥစ္စာပစ္စည်းနည်းပါးမည်။
ကြာသပတေးနေ့ ထိမ်းမြားသော် မြေ၊ မြင်း၊ ဥယျာဉ် ဝင်မည်။
သောကြာနေ့ ထိမ်းမြားသော် ဘေးကင်းမည်။
စနေနေ့ ထိမ်းမြားသော် အပြီးအဆုံးမရောက်တတ်ချေ။

## ထိမ်းမြားလက်ထပ်ကြရာဝယ်

ဝါဆို၊ ဝါခေါင်လ၊ တော်သလင်းလ၊ နတ်တော်လ၊ ပြာသိုလ၊ တပေါင်းလ ထို(၆)ပါးသောလမှာ ထိမ်းမြားခြင်း အမှုကို

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ရမည်။ တန်ခူးလ၊ ကဆုန်လ၊ နယုန်လ၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ တပို့တွဲ ထို(၆)ပါးသော လတို့တွင် ထိမ်းမြားခြင်း ပြုပါက ကောင်းပါသည်။

## ထိမ်းမြားလအကျိုးအပြစ်များ

တန်ခူးလ ထိမ်းမြားသော် ဘေးသင့်မည်။ ရှုံးမည်။
ကဆုန်လ ထိမ်းမြားသော် လာဘ်လာဘရမည်။
နယုန်လ ထိမ်းမြားသော် ဘေးရန်ကင်းမည်။
ဝါဆိုလ ထိမ်းမြားသော် သေကွဲရှင်ကွဲဖြစ်မည်။
ဝါခေါင်လ ထိမ်းမြားသော် မကြည်လင်၊ သားသမီးအဖက်မတင်။
တော်သလင်းလ ထိမ်းမြားသော် အရှက်ရမည်။
သီတင်းကျွတ်လ ထိမ်းမြားသော် အသက်မရှည်။
တန်ဆောင်းမုန်းလ ထိမ်းမြားသော် အနာနှိပ်စက်မည်။
နတ်တော်လ ထိမ်းမြားသော် ဥစ္စာများရမည်။
ပြာသိုလ ထိမ်းမြားသော် အရှည်မပေါင်းရ။
တပို့တွဲလ ထိမ်းမြားသော် ဥစ္စာပစ္စည်းရှာဖွေလာရမည်။
တပေါင်းလ ထိမ်းမြားသော် သေကွဲရှင်ကွဲဖြစ်မည်။

ထိမ်းမြားလ အကျိုးအပြစ်များမှာ ကျမ်းပေါင်းစုံအရ ပြလိုက်ခြင်း ဖြစ်သည်။ မိမိတို့နှစ်သက်ရာ ပြုလုပ်နိုင်သည်။ အချို့သော ကျမ်းတို့တွင် မကောင်းခြောက်လ၊ ကောင်းခြောက်လ ပြုပြီး ဆိုထားသည်။ ကျမ်းပေါင်းစုံအဆိုကို ကြည့်မည်ဆိုသော် ထိမ်းမြားရန် ကောင်းသောလမှာ သုံးလသာလျှင် ဖြစ်သည်။ ကဆုန်လ၊ နယုန်လ၊ နတ်တော်လ တို့ဖြစ်ပေသည်။ အထူးဆင်ခြင် သတိထားပြီး ပြုလုပ်ကြရန်လိုသည်။

## သားမွေးခြင်း၏ နိမိတ်များ

သားငယ်မှာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးပါသောသော် မင်း မှူးမတ်တို့ ဒဏ်သင့်အံ့။

www.burmeseclassic.com

www.burmeseclassic.com


သူငယ်၌ လျှာနှစ်ခွပါလာသော် ပြည်သူပြည်သားတို့အား မတရား အခွန်ကောက်အံ့။
သူငယ်တွင် ယောက်ျားလိင်၊ မိန်းမလိင် နှစ်ပါးစုံပါလာသော် မိန်းမတို့ ဒဏ်သင့်အံ့။
နှုတ်သီးနှင့် မွေးလာသော် လူအပေါင်းတို့ ဆင်းရဲအံ့။
သူငယ်မှာ စအိုနှစ်ခုပါလာသော် လူအပေါင်းတို့ ဝတ်မွတ်အံ့။
လူမိန်းမ မြွေနဂါးမွေးလာသော် စစ်များအံ့။
လူမိန်းမ ဥသော် စစ်ရောက်အံ့။
မိကျောင်း၊ နွားလားမွေးသော် ကောင်းသောနိမိတ်ရောက်၏။

## အိမ်ထောင်ဖက်ရွေးရာတွင်

ဦးသာစိန်ပန်း၊ ဒန်းလှကိုရှာ
အိမ်ထောင်ဖက်၊ အသက်ရှည်ဖို့ရာ
တနင်္ဂနွေသားသမီးနှင့် သောကြာသားသမီး
အင်္ဂါသားသမီးနှင့် ကြာသပတေးသားသမီး
စနေသားသမီးနှင့် ဗုဒ္ဓဟူးသားသမီး
တနင်္လာသားသမီးနှင့် ရာဟုသားသမီး တို့ကို ရွေးချယ် အိမ်ထောင်ပြုသင့်၏။

## အိမ်ထောင်ပျက်တတ်သော အိမ်ထောင်ဖက်

မမွာသောက အင်းဝရာဇ
စနေသားသမီးနှင့် ကြာသပတေးသားသမီး
သောကြာသားသမီးနှင့် တနင်္လာသားသမီး
တနင်္ဂနွေသားသမီးနှင့် ဗုဒ္ဓဟူးသားသမီး
ရာဟုသားသမီးနှင့် အင်္ဂါသားသမီးတို့နှင့် အိမ်ထောင်ဖက် ပါက ကောင်းကျိုးထက် ဆိုးကျိုးများ ဖြစ်ပေါ်တတ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## အိမ်ထောင်နေ့ထပ် အဟော

ဂဠုန်အချင်းချင်း မေတ္တာပြင်း၍ ကျားချင်းဖက်က ဥစ္စာရ၏။ သီလချင်းနေ သောကပွေ၊ ဆင်နေတူမျှ ပူလောင်လှ၊ ကြွက်ချင်းတို့မှာ ကိုယ်ချမ်းသာ၊ ပူးမှာဆက်ရေ ကောင်းကျိုးပေး၊ စုနေချင်းဆက် စီးပွားပျက်သည်၊ မှတ်ဖွယ်လူတို့ အိမ်ထောင်တည်။ အဓိပ္ပါယ်မှာ -

တနင်္ဂနွေသားသမီးအချင်းချင်း အိမ်ထောင်ဖက်မှု မေတ္တာအရှည်မြဲတတ်သည်။

တနင်္လာသားသမီးအချင်းချင်း အိမ်ထောင်ဖက်မှု ဥစ္စာပစ္စည်း ပေါများသည်။

အင်္ဂါသားသမီးအချင်းချင်း အိမ်ထောင်ဖက်မှု သောကရှိတတ်သည်။

ဗုဒ္ဓဟူးသားသမီးအချင်းချင်း အိမ်ထောင်ဖက်မှု ပူပင်ရှိတတ်သည်။

ကြာသပတေးသားသမီးအချင်းချင်း အိမ်ထောင်ဖက်မှု ချမ်းသာသုခ ရှိတတ်သည်။

သောကြာသားသမီးအချင်းချင်း အိမ်ထောင်ဖက်မှု ကောင်းကျိုးပေးတတ်သည်။

စနေသားသမီးအချင်းချင်း အိမ်ထောင်ဖက်မှု စီးပွားပျက်တတ်သည်။

## မဟာဘုတ်တိုင်ထွနည်း

ဗေဒင်အချုပ်မဟာဘုတ်-ဟူသော ဆိုရိုးစကားသည်ရလူ့လောကသို့ ဦးစွာသန္ဓေစင် မွေးဖွားလာသော အချိန်နာရီ၊ နေ့ရက်၊ လ၊ နှစ်များကို အဓိကထားပြီး ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဟူသော ကာလသုံးပါးအား ပိုင်းခြားဝေဖန်သုံးသပ်လျှင် ကောင်းကျိုး၊ ဆိုးကျိုးများကို တွေ့ကြုံရစမြဲ ဓမ္မတာ

www.burmeseclassic.com

www.burmeseclassic.com



မူလဘူတကို အစွဲပြု၍ ဗေဒင်အချုပ် မဟာဘုတ်ဟူသော ဆိုရိုးဟောရိုး ပြုကြလေသည်။

မိမိတွက်လိုသောသူ၏ မွေးသက္ကရာဇ်ကို တည်ပြီး (၇)နှင့် စားလေ။

(၁) သော်လည်းကောင်း၊ (၂) သော်လည်းကောင်း၊ (၃) သော်လည်းကောင်း၊ (၄) သော်လည်းကောင်း၊ (၅) သော်လည်းကောင်း၊ (၆) သော်လည်းကောင်း၊ (ဝ) သော်လည်းကောင်း ကြွင်းကျန်ပါလိမ့်မည်။ (ဝ)သုညကို (၇)ဟုခေါ်သည်။ အကြွင်းအရ ဖော်ပြပါ လင်္ကာနှင့်အညီ မဟာဘုတ်တိုင် ထူပါလေ။

## မဟာဘုတ်ချရန် လင်္ကာ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁-ခု ကြွင်း။ | အောင် | လံ | ထူ | စစ် | သူ | ကြီး | ပွဲ |
| | ၁ | ၄ | ၇ | ၃ | ၆ | ၂ | ၅ |
| ၂-ခု ကြွင်း။ | ကြီး | ပွဲ | အောင် | လံ | ထူ | စစ် | သူ |
| | ၂ | ၅ | ၁ | ၄ | ၇ | ၃ | ၆ |
| ၃-ခု ကြွင်း။ | စစ် | သူ | ကြီး | ပွဲ | အောင် | လံ | ထူ |
| | ၃ | ၆ | ၂ | ၅ | ၁ | ၄ | ၇ |
| ၄-ခု ကြွင်း။ | လံ | ထူ | စစ် | သူ | ကြီး | ပွဲ | အောင် |
| | ၄ | ၇ | ၃ | ၆ | ၂ | ၅ | ၁ |
| ၅-ခု ကြွင်း။ | ပွဲ | အောင် | လံ | ထူ | စစ် | သူ | ကြီး |
| | ၅ | ၁ | ၄ | ၇ | ၃ | ၆ | ၁ |
| ၆-ခု ကြွင်း။ | သူ | ကြီး | ပွဲ | အောင် | လံ | ထူ | စစ် |
| | ၆ | ၂ | ၅ | ၁ | ၄ | ၇ | ၃ |
| ၇-ခု ကြွင်း။ | ထူ | စစ် | သူ | ကြီး | ပွဲ | အောင် | လံ |
| | ၇ | ၃ | ၆ | ၂ | ၅ | ၁ | ၄ |

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ–စံနမူနာထား၍ မဟာဘုတ်တိုင်ကို ထူကြပါစို့။

မွေးသက္ကရာဇ် ၁၃၁၈–ခုနှစ်၊ သီတင်းကျွတ်လ ပြည့်ကျော် (၁၃)ရက်နေ့ မွေးဖွားသော ကြာသပတေးသားကို မဟာဘုတ်တိုင် ထူကြည့်ပါက –

၇ ) ၁၃၁၈ ( ၁၈၈

၇
၆၁
၅၆
၅၈
၅၆
၂

အကြွင်းကို ဘင်္ဂ၊ မရဏ၊ အထွန်း၊ သိုက်၊ ရာဇ၊ ပုတိ၊ အဓိပတိ ဟူ၍ အစဉ်အတိုင်း ချ၍ ထားပါလေ။

မိမိမွေးနံရှိရာ မဟာဘုတ်ဇာတာခွင်ကို ကြည့်၍ ဟောဆိုကြပါလေ။

| လင်္ကာ၊ | ကြီး | ပွဲ | အောင် | လံ | ထူ | စစ် | သူ |
|---|---|---|---|---|---|---|---|
| | ၂ | ၅ | ၁ | ၄ | ၇ | ၃ | ၆ |

| | | |
|---|---|---|
| | အဓိပတိ | |
| အထွန်း | သိုက် | ရာဇ |
| မရဏ | ဘင်္ဂ | ပုတိ |

| | | |
|---|---|---|
| | ၆ | |
| ၁ | ၄ | ၀ |
| ၅ | ၂ | ၃ |

ကြာသပတေးသားသည် ၂–ချကြွင်းအရ မဟာဘုတ်တိုင်မှာ မရဏရှိသောကြောင့် မရဏဖွားဟု သိပါလေ။

www.burmeseclassic.com

www.burmeseclassic.com



## ဓမ္မအဘွတ်အဟောများ

### ပုတီဖွားအဟော

ပုတီသဘော မကျော်စော နှမြောတွန့်တိုလှ။
နှုတ်ဝယ်စကား မဆိုငြား အများခံပြင်းပြ။
ငယ်စဉ်အခါ ဘေးဘယာ သေချာများတတ်ပ။
တစ်မြေတစ်ရွာ လှည့်သည်အခါ သက်မှာမွေးမြူရ။
အိမ်ရှင်မယား ရပ်တစ်ပါး ရငြားတတ်ပေစွ။

ပုတီနွင်တွင် ဖွားမြင်ခဲ့သောသူသည် ကျော်စော်သော ဂုဏ်သတင်းမရှိတတ်ပေ။ စကားအပြောအဆိုတို့တောင်း၍ ယဉ်ကျေးသိမ်မွေ့စွာ မပြောဆိုတတ်ပေ။ ငယ်စဉ်အခါက ရောဂါအနာ များပြားတတ်၍ အမိအဖတို့ ငြိုငြင်စွာ မွေးမြူ ရတတ်သည်။ တစ်မြေတစ်ရွာ အရပ်တစ်ပါးသို့ လှည့်လည်သွား ရောက်ခါ အသက်မွေးဝမ်းကျောင်းသည့် အလုပ်ကို လုပ်ကိုင် ရတတ်ပေသည်။ တစ်မြို့တစ်ရွာတွင် အိမ်ထောင်ကျတတ် ပေသည်။ မိန်းမဖြစ်မူ တစ်မြို့တစ်ရွာမှ ယောကျ်ားနှင့် အိမ်ထောင် ပြုရ တတ်ပေသည်။ အလည်အပတ်ခရီးသွားလာမှု များတတ် ပေသည်။ မိမိ၏အပြစ်ကို လျှို့ဝှက်တတ်ပြီး သူတစ်ပါး၏ အပြစ်ကို ရှာကြံပြောဆိုတတ်သည်။ တစ်မြို့တစ်ရွာသို့ ပြောင်းရွှေ့နေထိုင်၍ အိမ်ထောင်ကျခဲ့သော် ကျော်ကြားတတ်ပေသည်။

### ဘင်္ဂဖွားအဟော

ဘင်္ဂဖွားမြင်၊ ငယ်ကပင် လေးခင်ချူချာလှ။
မိဘနှစ်ဖြာ ဉာတကာ သောကာ ပူဆွေးရ။
ပစ္စည်းဥစ္စာ ရတနာ ပျက်ဖန် များတတ်ရ။
ငါ့လေ့ငါထိုး ထင်တာမျိုး ဖွတ်ထိုးပြုပတ်ကြ။

www.burmeseclassic.com

www.burmeseclassic.com



ဘင်္ဂခွင်တွင် ဖွားမြင်ခဲ့သော် သူသည် ငယ်စဉ်ကပင် ရောဂါဝေဒနာများတတ်၍ ချူချာတတ်ပေသည်။ မိဘဆွေမျိုး ဉာတကာတို့ စိတ်သောက ကြောင့်ကြများရတတ်သည်။ ပစ္စည်း ဥစ္စာ၊ ရတနာရွှေငွေများ မကြာခဏ ပျက်တတ်သည်။ မကြာ ခဏ ပျောက်ဆုံးတတ်သည်။ နှလုံးသွေးအားနည်းရောဂါ ဖြစ်တတ်၍ စိတ်အားငယ်ကြောက်လန့်တတ်သည်။ ငါ့သဘော ငါ့လေ့ငါထိုး ပဲခူးရောက်ရောက်ဟူသော အမှုကိစ္စများကို တဖွတ် ထိုးပြုတတ်သည်။ အသက်ကြီးရင့်လာသောအခါ ဆရာ အကြီးအကဲ ဖြစ်တတ်ပေသည်။

## မရဏဖွားအဟော

မရဏခွင် မွေးဖွားလျှင် ငယ်စဉ် သေဆုံးများ
မသေကြီးလွမ်း ရွှေထီးလျှန်း ရဟန်း, မင်း ပုဏ္ဏား။
မသေရွှေထီး သေမြေကြီး စွန့်ပြီးသွားတတ်များ။
မိမိမွေးရာ မနေပါ ပြည်ရွာ လှည့်လည်သွား။
စိုးရိမ်ကြောင့်ကြ ဘဝိတ သောက အလွန်များ။

မရဏခွင်တွင် ဖွားမြင်ခဲ့သောသူသည် ငယ်စဉ် အခါက ရောဂါဝေဒနာများတတ်သည်။ အသက်မရှည်တတ်၊ သေကျေ ပျက်စီးတတ်သည်။ မသေခဲ့သော် လူချမ်းသာ၊ ရဟန်း၊ မင်း၊ ပုဏ္ဏား၊ မင်းစိုးရာဇာ ဖြစ်တတ်သည်။ မိန်းမဖြစ်လျှင် မင်းကတော်၊ စိုးကတော်၊ ယောဂီ၊ သီလရှင်ဖြစ်တတ်သည်။ မိဘဆရာ၊ ဆွေမျိုး၊ မိတ်သင်္ဂဟအတွက် အကျိုးစီးပွားကို ဆောင်ရွက်ပေးတတ်သည်။ မိဘများ ပူပန်ရတတ်သည်။ ဟီရိဩတ္တပ္ပ အရှက်အကြောက်စိတ်ရှိတတ်သည်။ ဆံပင်၊ ခြေ လက်အင်္ဂါအစိတ်အပိုင်း ကောက်တတ်သည်။ ဖြောင့်မတ်သော စကားကို ဆိုတတ်သည်။ စကားကြွယ်ဝစွာ မပြောဆိုတတ်ပေ။ ရိုးသားဖြောင့်မတ်သည်။ မဟုတ်မခံ မှန်ရာကို ပန်ခံပြောဆို တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အထွန်းဖွားအဟော

အထွန်းဖွားမြင် ကျော်စောထင် မြန်ခွင်ပြည်တစ်လွှား။
ဖျတ်လတ်လျင်မြန် ထက်စိတ်သန်ရဲမာန်သတ္တိပွား။
ထကြွလုံ့လ ဝီရိယ ဉာဏ်ကဦးဆောင်သွား။
တန်းကိုတေဇာ လျှမ်းခါဖြာ ဩဇာ လွန်ကြီးထွား။

အထွန်းခွင်တွင် ဖွားမြင်ခဲ့သောသူသည် ကျော်စောပြီးထင်ရှားတတ်ပေသည်။ စိတ်နေသဘောထား ဖျတ်လတ်လျင်မြန်တတ်သည်။ ရဲမာန်သတ္တိ၊ ဉာဏ်ပညာနှင့် ပြည့်စုံတတ်ပေသည်။ ထကြွလုံ့လ ဝီရိယရှိ၍ ဉာဏ်ကဦးဆောင်လျက်ကိုယ်ထူကိုယ်ထ ကိုယ်ထူးကိုယ်ချွန်၊ ကိုယ့်အားကိုယ်ကိုးထူထောင်လာရတတ်သည်။ ချမ်းသာကြွယ်ဝတတ်သည်။ မာန်မာနရှိတတ်သည်။ ဩဇာတန်ခိုးကြီးတတ်သည်။ စာပေကျမ်းဂန် တတ်မြောက်၍ စကားအပြောအဟော ကောင်းတတ်သည်။

## သိုက်ဖွားအဟော

သိုက်ခွင်ဖွားမြင် ဇာတာရှင် သုံးခွင်ငွေးကြွယ်ဝ။
နာကြည်ရှင် ပေးလှူချင် ဖြူစင်သဒ္ဒါကြွ။
ပစ္စည်းဥစ္စာ ရတနာ လိုတာမရှိလှ။
ပညာမြင့်ခေါင် ဆီမီးရောင် ထွန်းပြောင်နေနှင့်လ။
ပညာတံခွန် လူရည်ချွန် ထူးချွန်အောင်ဆုရ။

သိုက်ခွင်တွင် ဖွားမြင်ခဲ့သောသူသည် ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်၊ သုံးပါးလုံးတွင် ချမ်းသာ ကြွယ်ဝတတ်ပေသည်။ ဘုန်းရှိသောသူ ရဟန်း၊ သီလရှင်၊ ယောဂီ ပုဂ္ဂိုလ် ဖြစ်တတ်သည်။ သီလ၊ သမာဓိ၊ အကျင့်သိက္ခာကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲတတ်သည်။ ဟိရိဩတ္တပ္ပ အရှက်အကြောက် များတတ်သည်။ ဖြူစင်သော သဒ္ဒါတရားရှိ၍ အလှူပေးခြင်းကို ဝါသနာပါတတ်သည်။ ပညာတတ်၊

www.burmeseclassic.com



လူရည်ချွန် ဖြစ်တတ်သည်။ သူတစ်ပါး အကြည်အညို ပူဇော်ခံတတ်သည်။ အလုပ်အကိုင် အကြံအစည်များတတ်သည်။ စိတ်သဘော နူးညံ့သိမ်မွေ့တတ်သည်။ မိတ်ဆွေသင်္ဂဟ ချစ်သူ ပေါများတတ်သည်။ နှုတ်ပညာဖြင့် အကျိုးပေးတတ်သည်။ အဟောအပြောကောင်း၍ ကထိကဖြစ်တတ်သည်။

## ရာဇဖွားအဟော (တံခွန်)

တံခွန်ရာဇ ဖွားမြင်က ဓနဥစ္စာများ။
စက်မှုပညာ ဝါသနာ လွန်စွာတတ်မြောက်ငြား။
ပေါင်းသင်းဆက်ဆံ မင်းစိုးထံ ခ,ယပျပ်ဝပ်တွား။
ခြွေရံသင်းပင်း ပေါများခြင်း ဝပ်ဆင်းဝန်ရံထား။

ရာဇာ (တံခွန်) တွင် ဖွားမြင်ခဲ့သောသူသည် ပစ္စည်းဥစ္စာ ရတနာ၊ ရွှေ၊ ငွေ ပေါများ၍ ဘုရင့်စည်းစိမ်ကဲ့သို့ ချမ်းသာခြင်းမျိုးတို့ကို ခံစားရတတ်ပေသည်။ စက်မှုလက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်းကို အကျိုးပြုတတ်သည်။ အထက်တန်း မင်းစိုးရာဇာနှင့် အပေါင်းအသင်းပြု၍ အလုပ်များ ရတတ်သည်။ အခြွေအရံအပေါင်းအသင်း မိတ်သင်္ဂဟ ပေါများတတ်သည်။ စိတ်ထားခက်ထန်မာကျော၍ ဖြောင့်မတ်ဖြူစင်တတ်သည်။

## အဓိပတိဖွားအဟော

အဓိပတိ ဖွားမြင်ဘိ ပြန့်သည် ဂုဏ်သတင်း။
နှုတ်မှုပညာ သက်မွေးရာ သေချာထင်အလင်း။
ရဲမာန်စိတ်ကြွ ခက်ထန်လှ ကြောင့်ကြမရှိကင်း။
စကားအရာ လွန်ထည်ဝါ ဝေဆာပြောတတ်ခြင်း။

အဓိပတိခွင်တွင် ဖွားမြင်ခဲ့သောသူသည် ကျော်စောသော ဂုဏ်သတင်းရှိတတ်သည်။ နှုတ်မှုပညာနှင့် အသက်

www.burmeseclassic.com



မွေးကျောင်းပြုရတတ်သည်။ ကုန်သည်ပွဲစား အရောင်းအဝယ် ပြုရတတ်သည်။ စကားကို ထည့်ဝါခံညားစွာ ပြောဆိုတတ်သည်။ အပြောအဟောကောင်း၍ ကထိကဖြစ်တတ်သည်။ ရဲစိတ်ရဲမာန် ရှိ၍ ကြောင့်ကြခြင်းမရှိ ဦးဆောင်ပြုတတ်သည်။ ပညာအထူး သည်းပူးလေ့လာတတ်သည်။ အမှုကိစ္စဟူသမျှ ဖွဲ့လုံ့လနှင့် ပြီးစီးအောင်မြင်စွာ ပြုတတ်သည်။ ချစ်သူခင်သူ ပေါမျှား တတ်သည်။ အကြီးအကဲ ခေါင်းဆောင်ဖြစ်တတ်သည်။

## သတိပြုရန်

| | | |
|---|---|---|
| ပုတိ | အစုပ် | အနာ |
| ဘင်္ဂ | အပျက် | အစီး |
| မရဏ | အသေ | ရွှေ့လျားပြောင်းသွား |
| အထွန်း | ကျော်စော | ထင်ရှား |
| သိုက် | လုံခြုံ | ချမ်းသာ |
| ရာဇ | မင်း၊ပုဏ္ဏား | ရဟန်း |
| အဓိပတိ | ဂုဏ်ရှိ | ရဲစိတ်ရဲမာန် |

မှတ်ချက်။ ။ရာဇဂြိုလ်ကို (တံခွန်ဂြိုလ်)ဟူ၍ လည်းခေါ်သည်။ ပုတိ၊ ဘင်္ဂ၊ မရဏ– ဤသုံးပါးသည် မဟာဘုတ် အောက်တန်းကျ ဇာတာများဖြစ်သောကြောင့် ဖွားမြင်သူများမှာ ဆင်းရဲနွမ်းပါးခြင်း ရှိတတ်၏။ ထို့ကြောင့် ဆင်းရဲသားဇာတာဟု ခေါ်ဆိုရပေသည်။

အထွန်း၊ သိုက်၊ ရာဇ၊ အဓိပတိ– ဤလေးပါး သည် ဇာတာတို့မှာ အေးချမ်းသာယာသော အကျိုးကို ပေးတတ် သည်။ ထို့ကြောင့် ယေဘုယျအားဖြင့် လူချမ်းသာ၏ ဇာတာဟု ခေါ်ဆိုကြပေသည်။

ပုတိ၊ ဘင်္ဂ၊ မရဏဖွားသောသူများမှာ ငယ်စဉ် အခါက ရောဂါများ၍ ဆင်းရဲနွမ်းပါးမည်ဟု ဟောပြောစကာမူ

www.burmeseclassic.com

www.burmeseclassic.com



တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ (သောမဂြိုလ်) နေ့၌ မွေးဖွားသူများမှာ ပြောပလောက်အောင် မဆိုလှပေ။

အထွန်း၊ သိုက်၊ ရာဇ၊ အဓိပတိ ဖွားသောသူများမှာ ငယ်စဉ်က ရောဂါကင်း၍ မဆင်းရဲဟု ဟောစေကာမူ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ (ပါပဂြိုလ်) နေ့၌ မွေးဖွားသူများမှာ ရောဂါများ၍ ဆင်းရဲနွမ်းပါးတတ်ပေသည်။

ပုတိ၊ ဘင်္ဂ၊ မရဏခွင်များတွင် တနင်္ဂနွေ၊ အင်္ဂါ၊ စနေ (ပါပဂြိုလ်) နေ့၌ မွေးဖွားသူများမှာ ရောဂါများမည်ဟု မလွဲဟောပါလေ။

ပုတိ၊ ဘင်္ဂ၊ မရဏခွင်များတွင် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ (သောမဂြိုလ်) နေ့၌ မွေးဖွားသူများမှာ ရောဂါဝေဒနာမများဟု ဟောပါလေ။

ဤသို့ဖြင့် မဟာဘုတ်၏ ပရိယာယ်သဘော အယူအဆများကိုလည်း သတိပြုသင့်သည်။ ကောင်းတိုင်းလည်း မကောင်း၊ ဆိုးတိုင်းလည်း မဆိုး၊ ချိန်းဆ၍ ဟောပါလေ။

## ဂြိုလ်စားတွက်နည်း

ဂြိုလ်စားတွက်ပုံနည်းကို မတင်ပြမီ ဂြိုလ်တို့၏ တည်ရာအရပ်နှင့် ဂြိုလ်တို့၏ အသက်တို့ကို သိရှိစေရန် ရေးသားဖော်ပြထားပါသည်။

| | အရပ်မျက်နှာ | ဂြိုလ်သက် |
|---|---|---|
| တနင်္ဂနွေဂြိုလ် | အရှေ့မြောက် | ၆–နှစ် |
| တနင်္လာဂြိုလ် | အရှေ့ | ၁၅–နှစ် |
| အင်္ဂါဂြိုလ် | အရှေ့တောင် | ၈–နှစ် |
| ဗုဒ္ဓဟူးဂြိုလ် | တောင် | ၁၇–နှစ် |
| စနေဂြိုလ် | အနောက်တောင် | ၁၀–နှစ် |
| ကြာသပတေးဂြိုလ် | နောက် | ၁၉–နှစ် |

www.burmeseclassic.com

www.burmeseclassic.com



ရာဟုဂြိုလ် နောက်မြောက် ၁၂–နှစ်
သောကြာဂြိုလ် မြောက် ၂၁–နှစ်
ဂြိုလ်သက်အားလုံး ပေါင်းလျှင် ဂြိုလ် (၁၀၈) နှစ်ရှိသည်။

## တွက်နည်း

မိမိအသက်ကိုတည်၍ မိမိ၏မွေးနံဂြိုလ်ရှိရာ လက်ယာရစ်ဂြိုလ်သက်ကို ဆက်၍နုတ်ပါ။ မနုတ်လောက်သော အခါမှ ဂြိုလ်အိမ်ကို ဂြိုလ်စားသည်။ ဂြိုလ်အိပ်သည်ဟုလည်း ခေါ်ပါသည်။ ဥပမာအား ဂြိုလ်တွင်စားသည်ကို သိရှိရလျှင် အောက်ပါအတိုင်း တွက်ကြည့်နိုင်ပါသည်။

| | | |
|---|---|---|
| ရာဟုဂြိုလ် ၂၁–နှစ် | သောကြာဂြိုလ် ၂၁–နှစ် | တနင်္ဂနွေဂြိုလ် ၆–နှစ် |
| ကြာသပတေးဂြိုလ် ၁၉–နှစ် | | တနင်္လာဂြိုလ် ၁၅–နှစ် |
| စနေဂြိုလ် ၁၀–နှစ် | ဗုဒ္ဓဟူးဂြိုလ် ၁၇–နှစ် | အင်္ဂါဂြိုလ် ၈–နှစ် |

အသက် ၄၂–နှစ် ကြာသပတေးသား
၁၉–နှစ် ကြာသပတေးဂြိုလ်တွင် နေသောနှစ်
၂၃–နှစ်
– ၁၂–နှစ်
၁၁–နှစ်

၂၁–နှစ်–သောကြာဂြိုလ်သက် မနုတ်လောက် သောကြောင့် သောကြာဂြိုလ်တွင် (၁၁) နှစ်ကြာနေပြီး၊

www.burmeseclassic.com

www.burmeseclassic.com



၎င်းအသက် (၂၄)နှစ်ရှိ ကြာသပတေးသားသည် သောကြာဂြိုလ်စားသည်ဟု ခေါ်ပါသည်။ ၎င်းနည်းအတိုင်းပင် အခြားသူများကိုလည်း တွက်နိုင်ပါသည်။

## တနင်္ဂနွေဂြိုလ်စားအဟော

မိမိအားမနာလိုသူတွေ များသောကာလ ဖြစ်ပါသည်။ စကားအပြောအဆို အနေအထိုင်ဆင်ခြင်သင့်သော ကာလဖြစ်သည်။ မိမိ၏ လက်အောက်ငယ်သားများက တော်လှန်ပုန်ကန်တတ်သော အချိန်ကာလဖြစ်သည်။ ဥစ္စာ၊ ရတနာ၊ ရွှေ၊ ငွေများ ကုန်ဆုံးတတ်သည်။ သူခိုးဘေး၊ မီးဘေးနှင့် ရန်သူမျိုး ငါးပါးဘေးတို့ ကြုံဆုံတတ်သည့် အချိန်ကာလဖြစ်သည်။ ရောဂါဝေဒနာ ဖိစီးပြီး သောက အလွန်ရောက်တတ်သည်။ မိမိ၏ အိမ်ထောင်ဖက်နှင့်လည်း မကြာခဏ စကားများရတတ်သည်။ အိမ်ထောင်ကွဲတတ်သည်။ တနင်္ဂနွေသားသမီးများနှင့် ပတ်သက်၍လည်း စကားပြောဆိုရတတ်သည်။ အရှေ့မြောက်အရပ်သို့ မသွားပါနှင့်။ ဘေးအန္တရာယ်နှင့် ကြုံတွေ့ရတတ်သည်။

## တနင်္လာဂြိုလ်စားအဟော

မိမိကြံစည်သမျှ အောင်မြင်သောအချိန်ကာလ ဖြစ်သည်။ လူချစ်လူခင်ပေါများပြီး မျက်နှာပွင့်လန်းသော အချိန်ကာလဖြစ်သည်။ ပစ္စည်း၊ ဥစ္စာ၊ ရတနာများ တဖွဲဖွဲဝင်လာတတ်သည်။ မိမိအား အကူအညီပေးမည့် သူများသော ရှိတတ်သည်။ တနင်္လာနံ ကုန်ပစ္စည်းများကို အရောင်းအဝယ် ပြုလုပ်လျှင် အကျိုးပေးသော အချိန်ကာလဖြစ်သည်။ အဝတ်အစား၊ လက်ဝတ်ရတနာများလည်း အလျှံအပယ်ဝင်လာတတ်သည်။ မိမိအား အကူအညီပေးသောသူသည် အရှေ့အရပ်

www.burmeseclassic.com

www.burmeseclassic.com



မှ ပေါ်လာတတ်သည်။ ကြီးကျယ်ခမ်းနားသော အလှူအတန်းများလည်း ပေးရတတ်သည်။ ခြေနှစ်ချောင်း ဝင်တတ်ပြီး အလုံးစုံ ကောင်းမွန်သော အချိန်အခါပင်ဖြစ်သည်။

## အင်္ဂါဂြိုလ်စားအဟော

မိမိအား မနာလိုမှုများသောကာလ ဖြစ်သောကြောင့် အမှုအခင်းဖြစ်တတ်သည်။ ရောဂါဝေဒနာ နှိပ်စက်တတ်သည်။ သွေးထွက်သံယိုမှုများလည်း ဖြစ်တတ်သည်။ ချစ်သော သူနှင့်လည်း အတူမနေရ ကွဲကွာတတ်သည်။ အချုပ်အနှောင် ခံရတတ်သော အချိန်ကာလလည်း ဖြစ်သည်။ မိမိ၏ ဆွေမျိုးများ ကပင် မနာလိုကုန်းတိုက် ရန်ရှာခြင်းပြုတတ်သည်။ အရှက်တကွဲ အကျိုးနည်းဖြစ်တတ်သည်။ တောင်အရပ်သို့ ခရီးသွားလာခြင်း မပြုနှင့်။ ဘေးအန္တရာယ် ကျရောက်တတ်သည်။

## ဗုဒ္ဓဟူးဂြိုလ်စားအဟော

မိမိ၏စီးပွားရေး အလွန်ကောင်းမွန်သော အချိန် အခါပင် ဖြစ်သည်။ ဥစ္စာ၊ ရတနာ၊ ရွှေ၊ ငွေများလည်း အလွယ် တကူ ရရှိနေတတ်သည်။ ယခုအချိန်အခါသည် စိတ်လက်ပျော် ဝင်သော အချိန်အခါဖြစ်၍ အိမ်ထောင်ကျတတ်သည်။ ဗုဒ္ဓဟူးနံ ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားလျှင် အကျိုးပေးသော အချိန်ကာလပင် ဖြစ်သည်။ ဗုဒ္ဓဟူးသားသမီးများ ကြည့်ရှု စောင့်ရှောက်တတ်သည်။ မိမိ၏ဂုဏ်သတင်း ထင်ရှားကျော်စော တတ်သော အချိန်ကာလဖြစ်သည်။ မရသေးသော စည်းစိမ် ဥစ္စာများ၊ ရရှိပြီးသော စည်းစိမ်ဥစ္စာများလည်း ပိုမိုတိုးတက် လာသည်။ သူတော်ကောင်း၊ နတ်ကောင်းများ မစကြသကဲ့သို့ စီးပွားဥစ္စာ အလွန်တိုးတတ်သော အချိန်ကာလပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ကြာသပတေးဂြိုလ်စားအဟော

စီးပွားဥစ္စာ ဒီရေအလားသို့ တိုးတက်ကောင်းမွန်သော အချိန်ကာလဖြစ်ပါသည်။ ဥယျာဉ်ခြံမြေ လယ်ယာမြေများ အမွေရတတ်သည်။ ယောကျ်ားဖြစ်က ပစ္စည်းဥစ္စာကြွယ်ဝသော အမျိုးသမီးနှင့် အိမ်ထောင်ကျတတ်သည်။ မိန်းမဖြစ်သူမှ မိမိထက် အဆင့်အတန်းမြင့်သော ယောကျ်ားနှင့် လက်ထပ်ရမည်။ ဆင်၊ မြင်း၊ နွား၊ လယ်ယာမြေ၊ အဝတ်အထည်၊ ပစ္စည်းဥစ္စာများ အနောက်အရပ်မှ ဝင်တတ်သည်။ မျက်နှာပွင့်လန်းပြီး လူချစ် လူခင်ပေါများသော အချိန်ကာလဖြစ်သည်။ ယောကျ်ားဖြစ်မူ ရဟန်း၊ မိန်းမဖြစ်မူ သီလရှင်၊ ယောဂီဝတ်လိုသောစိတ်ဖြစ်ပေါ် လာတတ်သည်။

## သောကြာဂြိုလ်စားအဟော

ပစ္စည်းဥစ္စာ ရတနာများ အလွန်ပေါကြွယ်ဝသော အချိန်ကာလဖြစ်ပြီး ရာထူးတိုးတတ်သည်။ သောကြာနံကုန်ပစ္စည်းများဖြစ်သော သစ်၊ သံစသောပစ္စည်းများ ကုန်သွယ်မှုပြုလုပ်လျှင် အကျိုးအမြတ်များတတ်သည်။ အကြံအစည်ဟူသမျှ အောင်မြင်တတ်သော အချိန်ကာလပင်ဖြစ်သည်။ ပစ္စည်းဥစ္စာ၊ ရတနာနှင့် ဆင်၊မြင်း၊ နွား၊ ကျွဲ၊ အဝတ်အထည်များ မြောက်အရပ်မှ ဝင်လာတတ်သည်။ သူတစ်ပါး၏ ကူညီမ,စမှုကို ခံရတတ်သည်။ အစစအရာရာ အလွန်ကောင်းသော အချိန်ကာလပင် ဖြစ်ပေသည်။

## စနေဂြိုလ်အစားအဟော

စနေဂြိုလ်စားသော ကာလတွင်း၌ မိမိရှိရင်း ဥစ္စာရတနာများ လျော့နည်းသွားတတ်သည်။ စိုးရိမ်ပူပန်သောကရောက်ရသောအချိန် ကာလပင်ဖြစ်သည်။ သူတစ်ပါးသူတို့၏ မလိုမုန်းထားရှိတတ်သည်။ သူတစ်ပါးတို့၏ ရန်စမှုများကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်တတ်သည်။ စနေသားသမီးများနှင့် ပတ်သက်၍ စိတ်ဆင်းရဲစရာများနှင့် ကြုံတွေ့ရတတ်သည်။ အမှုအခင်း ဖြစ်ပွားတတ်သည်။ ငွေကုန်ကြေးကျများသော ကာလဖြစ်သည်။ အချုပ်အနှောင်ခံရတတ်သည်။ ဤအချိန်ကာလအတွင်း အနောက်တောင်အရပ်သို့ ခရီးဝေးသွားခြင်းများကို ရှောင်ပါမကောင်း။

## ရာဟုဂြိုလ်စားအဟော

ရာဟုဂြိုလ်စားသောကာလအတွင်း၌ပင် မိမိရှိရင်း ဥစ္စာရတနာများ ယုတ်လျော့ပျက်စီးသွားတတ်သည်။ ရောဂါဝေဒနာ ခံစားရတတ်ပြီး လေနာရောဂါ၊ ရင်နာရောဂါ၊ ယားနာဝေဒနာများ စွဲကပ်တတ်သည်။ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာမှု မရှိသော စိတ်ဆင်းရဲရသော အချိန်ကာလပင် ဖြစ်သည်။ အိုးအိမ်အတည်တကျမရှိ၊ ခြေသလုံးအိမ်တိုင် ဘဝသို့ပင် ရောက်ရှိတတ်သည်။ မိမိကြံစည်ထားသော အကြံအစည် ဟူသမျှ အောင်မြင်မှု မရှိတတ်။

BURMESE CLASSIC

## ဥစ္စာပျောက်အဟောဆောင်ပုဒ်

၁။ အိုကြင်ရာ ဥဒကေ (ရေကန်အနီးအနား)
၂။ ကြာကန်သူဝနေ (တောအနီးအနား)
၃။ စိတ်တူ၏ ဂူမေ (ဂူ၊လှုဏ်၊တွင်း၊ ကျင်း)
၄။ လှ၊ဒီသာ၊လာမေ (ရွာအနီးအနား)
၅။ ပျော်ရွှင်၊ လာပဗ္ဗတေ (တောင်ကုန်း၊ ကမူ)
၆။ သင်တို့ မောင်၊ မဂ္ဂေ (ခရီးလမ်းအနီးအနား)
၇။ တို့ဆောင်ပန်းအာသနေ (မိမိအနီးအနားအိမ်အတွင်း)

အဓိပ္ပါယ်–အို တနင်္ဂနွေနေ့ (ဥစ္စာပျောက်မှု၊ ကြင်–တနင်္လာအရပ်သို့ ယူ၍၊ ရာ၊ ရာဟု အနောက်မြောက်အရပ်တွင် ဒကေ–ရေ၌ရှိ၏။

(ကျန်လင်္ကာများကို ဤနည်းအတိုင်း သိပါ။)

www.burmeseclassic.com

www.burmeseclassic.com



## ကျွဲ၊ နွား၊ ရွှေ၊ ငွေ၊ ဥစ္စာပျောက် အဟော

ဥစ္စာပျောက် မေးလာသော် ရက်အောင် လဆန်း(၁) ရက်နေ့ကစ၍ ရေပါသောရက်ကိုတည် ၉ခုနှင့်စား (၀–၁–၅) ကြွင်းလျှင် ယနေ့ရက်မည် ရမည်ဟုဟော။ (၂–၃–၇) ကြွင်းလျှင် သုံးရက်အတွင်းရောက်မည်ဟုဟော။ (၄–၆–၈) ကြွင်းလျှင် ကိုးရက်အတွင်း ရောက်မည်ဟုဟောပါလေ။

## ဂြိုလ်တို့၏အမည်၊ သင်္ချာ၊ အသက်

| | | အမည် | သင်္ချာ | အသက် |
|---|---|---|---|---|
| တနင်္ဂနွေဂြိုလ် | – | ဂဠုန် | ၁ခု | ၆နှစ် |
| တနင်္လာဂြိုလ် | – | ကျား | ၂ခု | ၁၅နှစ် |
| အင်္ဂါဂြိုလ် | – | ခြင်္သေ့ | ၃ခု | ၈နှစ် |
| ဗုဒ္ဓဟူးဂြိုလ် | – | ဆင် | ၄ခု | ၁၇နှစ် |
| စနေဂြိုလ် | – | နဂါး | ၇ခု | ၁၀နှစ် |
| ကြာသပတေးဂြိုလ် | – | ကြွက် | ၅ခု | ၁၉နှစ် |
| ရာဟုဂြိုလ် | – | ဟိုင်း | ၈ခု | ၁၂နှစ် |
| သောကြာဂြိုလ် | – | ပူး | ၆ခု | ၂၁နှစ် |
| ကိတ်ဂြိုလ် | – | ၉ခု | | |

ဂြိုလ်သက်အားလုံးပေါင်းလျှင် ဂြိုလ်သက် ၁၀၈ နှစ် ရှိသည်။

## ဂြိုလ်တို့၏ အက္ခရာ

တနင်္ဂနွေဂြိုလ် အ အာ ဣ ဤ ဧ အဲ ဩ ဪ အံ အား (အက္ခရာ ၁၂–လုံး)

တနင်္လာဂြိုလ် က ခ ဂ ဃ င (အက္ခရာ ၅–လုံး)

အင်္ဂါဂြိုလ် စ ဆ ဇ ဈ ည (အက္ခရာ ၅–လုံး)

ဗုဒ္ဓဟူးဂြိုလ် ယ လ ဝ (အက္ခရာ ၃–လုံး)

www.burmeseclassic.com

www.burmeseclassic.com



စနေဂြိုလ် တ ထ ဒ ဓ န (တစ်နည်း ဠ ဋ ဍ ပ ဏ) (အက္ခရာ ၁၀–လုံး)
ကြာသပတေးဂြိုလ် ပ ဖ ဗ ဘ မ (အက္ခရာ ၅–လုံး)
ရာဟုဂြိုလ် ရ ဠ (အက္ခရာ ၂–လုံး)
သောကြာဂြိုလ် သ ဟ (အက္ခရာ ၂–လုံး)

## ဂြိုလ်တို့၏အမျိုး

| | |
|---|---|
| တနင်္ဂနွေဂြိုလ်၏အမျိုး | ဂျွမ်း (ယိုးဒယား) |
| တနင်္လာဂြိုလ်၏အမျိုး | ရှမ်း |
| အင်္ဂါဂြိုလ်၏အမျိုး | တလိုင်း |
| ဗုဒ္ဓဟူးဂြိုလ်၏အမျိုး | ကဒူး |
| စနေဂြိုလ်၏အမျိုး | ကုလား |
| ကြာသပတေးဂြိုလ်၏အမျိုး | မြန်မာ |
| ရာဟုဂြိုလ်၏အမျိုး | တရုတ် |
| သောကြာဂြိုလ်၏အမျိုး | သက် |

## ဂြိုလ်တို့၏ အရပ်မျက်နှာ

| | |
|---|---|
| တနင်္ဂနွေဂြိုလ်၏အရပ် | အရှေ့မြောက်ထောင့် |
| တနင်္လာဂြိုလ်၏အရပ် | အရှေ့ |
| အင်္ဂါဂြိုလ်၏အရပ် | အရှေ့တောင် |
| ဗုဒ္ဓဟူးဂြိုလ်၏အရပ် | တောင် |
| စနေဂြိုလ်၏အရပ် | အနောက်တောင် |
| ကြာသပတေးဂြိုလ်၏အရပ် | အနောက် |
| ရာဟုဂြိုလ်၏အရပ် | အနောက်မြောက်ထောင့် |
| သောကြာဂြိုလ်၏အရပ် | မြောက် |

www.burmeseclassic.com

www.burmeseclassic.com



## ဂြိုလ်တို့၏ မူလအရပ်

| | |
|---|---|
| တနင်္ဂနွေဂြိုလ်၏မူလအရပ် | အရှေ့ |
| တနင်္လာဂြိုလ်၏မူလအရပ် | အနောက်မြောက်ထောင့် |
| အင်္ဂါဂြိုလ်၏မူလအရပ် | တောင် |
| ဗုဒ္ဓဟူးဂြိုလ်၏မူလအရပ် | မြောက် |
| စနေဂြိုလ်၏မူလအရပ် | အနောက် |
| ကြာသပတေးဂြိုလ်၏မူလအရပ် | အရှေ့မြောက်ထောင့် |
| ရာဟုဂြိုလ်၏မူလအရပ် | အနောက်တောင်ထောင့် |
| သောကြာဂြိုလ်၏မူလအရပ် | အရှေ့တောင်ထောင့် |

## ဂြိုလ်တို့၏အဆင်း

တနင်္ဂနွေဂြိုလ်၏အဆင်းသည် အနီရောင် ဖြစ်သည်။
တနင်္လာဂြိုလ်၏အဆင်းသည် အဖြူရောင် ဖြစ်သည်။
အင်္ဂါဂြိုလ်၏အဆင်းသည် အနီရောင် ဖြစ်သည်။
ဗုဒ္ဓဟူးဂြိုလ်၏အဆင်းသည် အစိမ်းရောင် ဖြစ်သည်။
စနေဂြိုလ်၏အဆင်းသည် အနက်ရောင်ဖြစ်သည်။
ကြာသပတေးဂြိုလ်၏အဆင်းသည် အဝါရောင်ဖြစ်သည်။
ရာဟုဂြိုလ်၏အဆင်းသည် အကြောင် ဖြစ်သည်။
သောကြာဂြိုလ်၏အဆင်းသည် အပြောက်ကျား ဖြစ်သည်။

**မှဲ့အကြောင်းသိကောင်းစရာ** ။ ။ လူတို့၏ ခန္ဓာကိုယ်ပေါ်တွင် စွဲထင်နေသော မှဲ့အမျိုးမျိုးတို့မှာ (၁) မှဲ့ဖြူ (၂) မှဲ့နီ (၃) မှဲ့ညို (၄) မှဲ့နက် (၅) မှဲ့ဝါ (၆) မှဲ့စိမ်း (၇) မှဲ့ရှင် တို့ဖြစ်ပါသည်။ (၁) **မှဲ့ဖြူ**။ ကောင်းလည်းမကောင်း၊ ဆိုးလည်းမဆိုးဘဲ အလယ်အလတ်တွင် ရှိပါသည်။ (၂) **မှဲ့နီ**။ ကောင်းကျိုးတို့ ထူးကဲစွာပေးတတ်မြဲ၊ ဆိုးကျိုးပေးရာတွင်လည်း ထူးကဲပါသည်။ (၃) **မှဲ့ညို**။ တစ်ဖက်သားကို ကြင်နာပြီး သနားကာ သမာဓိ

www.burmeseclassic.com

www.burmeseclassic.com



ရှိတတ်သည်။ (၄) မှဲ့နက်။ ကောင်းကျိုးပေးရာတွင် နည်းပါးတတ်သည်။ (၅) မှဲ့ဝါ။ စိတ်ကူးယဉ်တတ်ပြီး သုခမဝါသနာပါသူဖြစ်သည်။ (၆) မှဲ့စိမ်း။ မွန်မြတ်ပြီး ကောင်းကျိုးပေးတတ်သည်။ (၇) မှဲ့ရှင်။ အရောင်အသွေး ကွဲပြားမှု အတိအကျမရှိသဖြင့် ဖော်ပြထားသော အရောင်(၆)မျိုးမှ တစ်ခုခု ဖြစ်နေတတ်သည်။ ခန္ဓာကိုယ်တွင် လည်ပတ်နေသော မှဲ့မျိုးဖြစ်ပါသည်။

အမျိုးသားများ၏ မှဲ့အကြောင်းသိကောင်းစရာ။ ။

ညာဘက်နှုတ်ခမ်းပါးတွင် စပါးတင်မှဲ့ရှိလျှင် တရားဓမ္မနှင့် လောကကြီးကို ရှုမြင်တတ်သည်။ အသက်အရွယ်ကြီးလျှင် ရသေ့ ရဟန်းပြုတတ်သည်။ ဘယ်ဘက်ပါးပြင်တွင် မှဲ့ရှိလျှင် မိန်းမများ၏ ချစ်ခင်မှုကို ခံရတတ်သည်။ ဘယ်ဘက်ပါးပြင် အောက်တွင် မှဲ့ရှိလျှင် ချမ်းသာကြွယ်ဝပြီး မေးစေ့အောက်တည့်တည့်ရှိလျှင် ကြီးပွားချမ်းသာတတ်သည်။ မျက်ရည်စီးကျသော လမ်းတည့်တည့် (ဝဲ–ယာ)မှဲ့ရှိလျှင် မယားဆုံးပါးတတ်၏။ ရင်ဘတ်(သို့)ညာဘက်တွင် တစ်လုံးရင်တည့်တည့်တစ်လုံး၊ ခါးနားတွင် တစ်လုံးပါခြင်းကို (မှဲ့စလွယ်)ဟု ခေါ်၏။ ရှေးလူကြီးများ၏ အဆိုအရ ဘဝဟောင်းက (မင်း)ဖြစ်ခဲ့ဖူးသည် အဆိုရှိ၏။ ယောကျ်ားတန်ဆာထိပ်နားတွင် မှဲ့ရှိလျှင် မိန်းမတို့၏ ချစ်ခင်စွဲလန်းခြင်းကို ခံရ၏။ ရှေးဆရာကြီးများအဆိုအရ နှစ်လုံးအထက်များလျှင် အိမ်ထောင်ဆက်များတတ်သည်။ နဖူးဗဟိုတည့်တည့်တွင် ထင်ရှားစွာရှိလျှင် ငွေကြေးရှင်ဟု စွပ်စွဲခံရတတ်သည်။

မျက်လုံးနှစ်ခုကြားမှဲ့ရှိလျှင် ကျော်စောသူဖြစ်သရို ရက်စက်ကြမ်းကြုတ်တတ်ခြင်း ရှိသည်။ ညာဘက်နားထင် မျက်ခုံးအဆုံးနားရှိလျှင် အကြီးအမှူးဖြစ်တတ်သည်။ ညာဘက် နားခေါင်းတွင် "မျက်ရည်ခံ"ဟုခေါ်လျှင် ဇနီးမယား ကွဲကွာတွေ့ ရ၏။ မေးစေ့အလယ်တည့်တည့်အောက် နှုတ်ခမ်းအောက်တွင်

www.burmeseclassic.com

www.burmeseclassic.com



ရှိလျှင် အိမ်ထောင်ဆက်များ၏။ ရင်တည့်တည့်တွင် ထင်ရှားစွာ မှဲ့ရှိလျှင် (ရတနာရွှေအိုး)ဟုခေါ်သည်။ ကြွယ်ဝချမ်းသာမည်။ လက်ျာဘက်မေးစေ့တွင် မှဲ့ရှိလျှင် မယားရပြီး မကြာခင်သေဆုံးတတ်၏။ ဘယ်ဘက်မျက်ခုံးပေါ်တွင် မှဲ့ရှိလျှင် အရက်သမား၊ ကြက်သမား၊ ကစားသမားများဖြစ်တတ်သည်။ လောင်းကစားကို မယားထက်ချစ်ခင်စုံမက်စွဲလန်းတတ်ပါသည်။

## ရန်ဘက်ရွေးနည်း

ဦး–ညို–ခေ–မာ၊ သု–တ–ဝေ–ရီ၊ ရန်စီစီ

ဦးညို – တနင်္ဂနွေသားသမီးနှင့် အင်္ဂါသားသမီး

ခေမာ – တနင်္လာသားသမီးနှင့် ကြာသပတေးသားသမီး

သုတ – သောကြာသားသမီးနှင့် စနေသားသမီး

ဝေရီ – ဗုဒ္ဓဟူးသားသမီးနှင့် ရာဟုသားသမီး

တို့သည် ရန်ဘက်များ ဖြစ်ကြ၏။

## မိတ်ဘက်ရွေးနည်း

အောင်–ပ–ကု–လား၊ ဆွေ–သား–တော်–ရင်း မိတ်ဖက်ချင်း။

အောင်ပ – တနင်္ဂနွေသားသမီးနှင့် ကြာသပတေးသားသမီး။

ကုလား – တနင်္လာသားသမီးနှင့် ဗုဒ္ဓဟူးသားသမီး။

ဆွေသား – အင်္ဂါသားသမီးနှင့် သောကြာသားသမီး။

တော်ရင်း– စနေသားသမီးနှင့် ရာဟုသားသမီး။

တို့သည် မိတ်ဘက်များ ဖြစ်ကြ၏။

## ကိုယ်ဝန်ဆောင်တို့ ရှောင်ကြဉ်ရန်

ကိုယ်ဝန်ဆောင်သော မိန်းမတို့သည် မင်္ဂလာဆောင်၊ ပဉ္စင်းခံ စသည်တို့ကို မဆောင်ရွက်ကောင်း၊ မကူညီကောင်း။

www.burmeseclassic.com

www.burmeseclassic.com



လက်မဖွဲ့ကောင်း ရှောင်ရမည်။ ကျုညီဆောင်ရွက်သော် သေပျောက်တတ်သည်။ မွေးဖွားပြီးသော ကျုညီဆောင်ရွက်နိုင်သည်။

ကိုယ်ဝန်ဆောင်ရှိသော မိန်းမတို့သည် ဘုရားတည်ရာ ကျောင်းဆောက်ရာတွင် ဝင်ရောက်မကိုင်တွယ်ရ။ ရှောင်ရမည်။ ကျောင်းဆောက်ရန်၊ အိမ်ဆောက်ရန် စုပုံထားသော သစ်တို့ကို မကျော်နင်းရ။

ကိုယ်ဝန်ဆောင်ရှိစဉ် အခြားကိုယ်ဝန်ဆောင်ရှိ မိန်းမကို အိမ်ပေါ်၌ လက်ခံပြီး တင်မထားကောင်း၊ မသာကိစ္စတွင်လည်း မကျုညီကောင်းပါ။ အထူးသတိဆောင်ပါလေ။

## စပါးစိုက်သည့်အခါ

တောင်ဘက်လေတိုက်ခတ်မည့်နှစ်တွင် စပါးစိုက်မှု တောင်ဘက်ကို မျက်နှာမူပြီးစိုက်ပါ။ အကြောင်းကား စပါးစိုက်သူ တောင်ဘက်မျက်နှာမူစိုက်သော် စပါးပင်သည် တောင်ဘက်သို့ ခပ်ကိုင်းကိုင်း ဖြစ်နေမည်။ ထို့ကြောင့် လေတိုက်ခက်မှုဒဏ်ကို ခံနိုင်ပါသည်။ အကယ်၍ စပါးပင် မြောက်ဘက်ကိုင်းနေလျှင် တောင်ဘက်လေတိုက်ခတ်လိုက်လျှင် ခါးကျိုးပြီး အပင်လဲသွားနိုင်သည်ကို သတိပြုပါ။

## မိုးအရိပ်အကဲ

မိုးဦး၊ မိုးလယ်၊ မိုးနှောင်းကို ခန့်မှန်းရာမှာ ဖွတ်လောင်း (ဖွတ်ပေါက်စ) အမြီးကိုကြည့်၍ ခန့်မှန်းနိုင်သည်။ ဖွတ်၏ အမြီးသည် အဝါတစ်ရစ်၊ မိုးသားရောင်တစ်ရစ်နှင့် အဝါ–မိုးသား ရောလျက် အပိုင်းပိုင်းရှိသည်။ အဝါရောင်ကား လေ၊ မိုးသား ရောင်ကား မိုး၊ မိုးသားနှင့်အဝါရောပြီး ပြောက်ကျားလိုလျှင် မိုးလေ။

www.burmeseclassic.com

www.burmeseclassic.com



၁။ အမြီးဖျား – ဝါမှ မိုးဦးမကောင်း (လေကျမည်)
၂။ အမြီးဖျား – မိုးသားရောင်ရှိမူ မိုးဦးကောင်း၏
၃။ အမြီးဖျား – အဝါမိုးသား ပြောက်ကျားနေမူ မိုးဦး ရော၍ နေမည်။ (ကျန်အပိုင်း မိုး၍ သိပါလေ)

## မိုးခေါင်မည့်လက္ခဏာ

၁။ မိုးတွင်းအခါ ပုရွက်ဆိတ်များ ရေအိုးအောက် (သို့) အအေး ဓာတ်ရှိရာ ဝင်နေလျှင် မိုးခေါင်တတ်သည်။
၂။ မိုးတွင်းအခါ ဖားသတ္တဝါများ ကုန်းပေါ်တက်အစာရှာ ကျက်စားလျှင် မိုးခေါင်တတ်သည်။
၃။ ဖားသတ္တဝါများ အသံမပြည့်၊ နည်းလျှင် မိုးခေါင်ပါသည်။
၄။ လယ်ပုစွန် (ကဏန်း)ရေစပ်တွင်ပေါ်မူ မိုးခေါင်တတ်၏။
၅။ ရေသတ္တဝါများ ကုန်း၊ ကုန်းသတ္တဝါများ ရေကျက်စားလျှင် မိုးခေါင်တတ်၏။

## ထွန်သွားတပ်ရာတွင်

၁။ ထွန်သွားတစ်ချောင်း တပ်၍ထွန်မူ ချမ်းသာသုခပြည့်စုံအံ့။
၂။ ထွန်သွားသုံးချောင်း တပ်၍ထွန်မူ စားသောက်ဖွယ်ရာ ပေါများအံ့။
၃။ ထွန်းသွားငါးချောင်း တပ်၍ထွန်မှ ပစ္စည်းဥစ္စပေါများအံ့။
၄။ ထွန်သွားဆယ်ချောင်း တပ်၍ထွန်မူ ဘုန်းကျက်သရေ တိုးပွားအံ့။

## ပျိုးကြဲရက်ရွေးမည်ဆိုလျှင်

၁။ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာနေ့များတွင် ပျိုးကြဲလေ၊ (ပြဿဒါးရက် လွတ်စေ)။
၂။ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ နေ့များကို ရှောင်ကြဉ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## လအလိုက် ပျိုးကြဲရက်ရွေးနည်း

| | | |
|---|---|---|
| တန်ခူးလ | = | အင်္ဂါနေ့ |
| ကဆုန်လ၊ သီတင်းကျွတ်လ | = | သောကြာ |
| နယုန်၊ တော်သလင်း၊ နတ်တော်လ | = | ဗုဒ္ဓဟူး |
| ဝါဆိုလ၊ တန်ဆောင်မုန်းလ | = | စနေ |
| ဝါခေါင်လ၊ တပို့တွဲလ | = | ကြာသပတေး |
| ပြာသိုလ | = | တနင်္ဂနွေ |
| တပေါင်းလ | = | တနင်္လာ |

## မည်သည့်လဆန်း လဆုတ်မဆို

(၁) ရက်၊ (၆) ရက်၊ (၇) ရက်၊ (၁၂) ရက်၊ (၁၃)ရက်များ ပိုးကျရက်။

## စပါးကျီသွင်းသင့်သည့်နေ့များ

၁။ တနင်္ဂနွေ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စပါးသွင်း။

၂။ တနင်္လာ၊ ကြာသပတေး၊ စနေ စပါးမသွင်းရာ။

**အစိပ္ပာယ်ကောက်ချက်**

## ကောက်သစ်စားသင့်သော နေ့များ

ကောက်သစ်စ၍ စားမည်ဆိုလျှင် အနန္တောအနန္တငါးပါး ဦးထိပ်ထား၍ လှူဒါန်းပူဇော်ပြီးမှ ပြဿဒါးရက်လွတ်သော ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့များတွင် စတင်၍ စားသောက်ရာ၏။

## အသက်ရှည်ရလေအောင်

(နေ့သင့်နံသင့် သစ်သားကို ဘုရားထုပြီး ကိုးကွယ်ကြပါက အသက်ရှည်ပြီး အနာရောဂါများ ကင်းဝေးကြပါလိမ့်မည်) သည့်အတွက်...

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေသားသမီးဆိုလျှင် အင်သားကို ဘုရားထုကိုးကွယ်ပါ။
တနင်္လာသားသမီးဆိုလျှင် ကံ့ကော်သားကို ဘုရားထုကိုးကွယ်ပါ။
အင်္ဂါသားသမီးဆိုလျှင် ညောင်သားကို ဘုရားထုကိုးကွယ်ပါ။
ဗုဒ္ဓဟူးသားသမီးဆိုလျှင် လင်းလွန်းသားကို ဘုရားထုကိုးကွယ်ပါ။
ကြာသပတေးသားသမီးဆိုလျှင် ပေါက်သားကို ဘုရားထုကိုးကွယ်ပါ။
သောကြာသားသမီးဆိုလျှင် သီးသားကို ဘုရားထုကိုးကွယ်ပါ။
စနေသားသမီးဆိုလျှင် ထိန်သားကို ဘုရားထုကိုးကွယ်ပါ။
အကျိုးကျေးဇူးကား အသက်ရှည်မည်၊ အနာကင်းဝေးပါမည်။

## သစ်ပင်စိုက်ပါ ကောင်းစားမှာ

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကောင်းစားလိုပါလျှင် ယတြာသဘောနှင့် သစ်ပင်စိုက်ဖို့လိုပါသည်။

တနင်္ဂနွေသားသမီးကောင်းစားလိုလျှင် မြောက်အရပ်၌ ပုန်းညက်ပင်စိုက်ပါ။

တနင်္လာသားသမီး ကောင်းစားလိုလျှင် အရှေ့မြောက်အရပ်၌ ချရားပင်စိုက်ပါ။

အင်္ဂါသားသမီး ကောင်းစားလိုလျှင် အရှေ့အရပ်၌ သရဖီပင် စိုက်ပါ။

ဗုဒ္ဓဟူးသားသမီး ကောင်းစားလိုလျှင် အနောက်မြောက်အရပ်၌ ဒန်းပင်စိုက်ပါ။

ကြာသပတေးသားသမီး ကောင်းစားလိုလျှင် အနောက်မြောက်အရပ်၌ ဒန်းပင်စိုက်ပါ။

သောကြာသားသမီး ကောင်းစားလိုလျှင် အနောက်မြောက်အရပ်၌ အုန်းပင်စိုက်ပါ။

စနေသားသမီး ကောင်းစားလိုလျှင် တောင်အရပ်၌ ကံ့ကော်ပင်စိုက်ပါ။ အထူးအကျိုးပေးပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



## ရက်ရာဇာဘယ်လိုရွေးမလဲ

တန်ခူးသာကျော်၊ ထွန်းပေါ်ကဆုန်၊ နယုန်ညွန့်စ၊ အောင်လှဝါဆို၊ သာလိုဝါခေါင်၊ မြတောင် တော်သလင်း၊ သီတင်းကျွတ်ဆီ၊ သောရီတန်ဆောင်မုန်း၊ ချမ်းလုံးနတ်တော်၊ မိနော်ပြာသို၊ မိညိုတပို့တွဲ၊ ထုံဝင်တပေါင်း၊ ကောင်းသည့်မှန်စွာ၊ ရက်ရာဇာတည့်။

| | | |
|---|---|---|
| တန်ခူးလ | – | သောကြာ၊ တနင်္လာ |
| ကဆုန်လ | – | စနေ၊ ကြာသပတေး |
| နယုန်လ | – | အင်္ဂါ |
| ဝါဆိုလ | – | တနင်္ဂနွေ၊ ဗုဒ္ဓဟူး |
| ဝါခေါင်လ | – | ဗုဒ္ဓဟူး၊ သောကြာ |
| တော်သလင်းလ | – | ကြာသပတေး၊ စနေ |
| သီတင်းကျွတ်လ | – | အင်္ဂါ |
| တန်ဆောင်မုန်းလ | – | သောကြာ၊ ဗုဒ္ဓဟူး |
| နတ်တော်လ | – | တနင်္လာ၊ ဗုဒ္ဓဟူး |
| ပြာသိုလ | – | ကြာသပတေး၊ စနေ |
| တပို့တွဲလ | – | အင်္ဂါ၊ ကြာသပတေး |
| တပေါင်းလ | – | ဗုဒ္ဓဟူး၊ စနေ |

## ပြဿဒါးရက် ဘယ်လိုရွေးမလဲ

တန်ခူးလကာ၊ စ၍ရေလစ်၊ တမာသက်ရင်း၊ အင်ကြင်းဆူးရစ်၊ ရက်ပြစ်ဆိုးဝါး ပြဿဒါး။

| | | | |
|---|---|---|---|
| တန်ခူးလ | တမာ | = | စနေ၊ ကြာသပတေး |
| ကဆုန်လ | သက်ရင်း | = | သောကြာ၊ ဗုဒ္ဓဟူး |
| နယုန်လ | အင်ကြင်း | = | တနင်္ဂနွေ၊ တနင်္လာ |

www.burmeseclassic.com

www.burmeseclassic.com



ဝါဆိုလ ဆုံးရစ် = အင်္ဂါ၊ ဗုဒ္ဓဟူး

ဝါခေါင် တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း လေးလအတွက် အထက်ပါအစဉ်အတိုင်း ၊နတ်တော်၊ ပြာသို၊ တပို့တွဲ၊တပေါင်း လေးလမှာလည်း ရင်းအတိုင်းပင်ဖြစ်၏။

ဝါဆို၊ တန်ဆောင်မုန်း၊ တပေါင်း ဤသုံးလမှာ ဗုဒ္ဓဟူးနေ့၏ မွန်းလွဲပိုင်းသည် ပြဿဒါးဖြစ်၏။

## ကရိဏ်းရက်ရွေးနည်း။

လဆန်းလေးရက် ဆယ့်လေးရက်မှာ (၄)ချက်တီးမှ သန်းခေါင်ကျ၊ ညကိုရှောင်ကွယ့် ကရိဏ်းတဲ့။ လဆန်းရှစ်ရက်၊ ဆယ့်ငါးရက်မှာ၊ နေထွက်သည်မှ မွန်းတည့်ကျ၊ ရှောင်ကြလေကွယ့် ကရိဏ်းတဲ့။ လဆုတ်ခုနှစ်ရက်၊ ဆယ့်လေးရက်မှာ၊ မွန်းတည့်ခါက၊ နေဝင်ကျ၊ ကြမ်းလှသည်ကွယ့် ပျက်မည်တဲ့။

## ရက်ယုတ်မာရွေးနည်း

တန်ခူး–ဝါဆို ၆ ကိုရှောင်တဲ့၊ ကဆုန်–တပို့တွဲ ၄ တို့လွှဲ၊ ညှဉ်းဆဲရက်ယုတ်မာ၊ နယုန်–တော်သလင်း၊ ရှစ်ကွင်းရှားရှောင်၊ ဝါဆို–တန်ဆောင်မုန်း၊ ဆယ်ရက်ကြုံ၊ လုံးလုံးစွန့်ပစ်ခွာ၊ သီတင်း–ပြာသို၊ ဆယ်ကိုနှစ်လောင်း၊ တပေါင်း–နတ်တော်၊ နှစ်ရက်ပေါ် ရှောင်နော်မှများစွာ။

| | | | |
|---|---|---|---|
| တန်ခူး၊ ဝါဆို | လဆန်း | လဆုတ် | ၆ ရက် |
| ကဆုန်၊တပို့တွဲ | ။ | ။ | ၄ |
| နယုန်၊ တော်သလင်း | ။ | ။ | ၈ |
| ဝါခေါင်၊ တန်ဆောင်မုန်း | ။ | ။ | ၁၀ |
| သီတင်းကျွတ်၊ပြာသို | ။ | ။ | ၁၂ |
| နတ်တော်၊တပေါင်း | ။ | ။ | ၂ |

www.burmeseclassic.com

www.burmeseclassic.com



## ရှမ်းရက်ရွေးနည်း

တနင်္ဂနွေ၊ ကဆုန်၊ ရှစ်ရက်ကြို၊ ရှောင်ကုန် ရှမ်းရက်သား၊ နယုန်–ဝါဆို၊ နှစ်ကိုရှောင်၊ ဝါခေါင် ကိုးကွင်း၊ တော်သလင်း၊ သီတင်းသုံးရက်မှာ၊ တနင်္လာမုန်း၊ ငါး၊ တစ်ကား–နတ်တော်၊ လေးသော်–ပြာသို၊ တပေါင်းကို၊ မလိုရှောင်အပ်စွာ၊ ခုနှစ်ရက် တပို့တွဲ၊ ခါတွန့်လွဲ၊ အမြဲရှောင်သင့်ပါ။

## တာနေ့ရက်ရွေးနည်း

တစ်ကအစ၊ ခြောက်သို့ကျ၊ ယူဆစဉ်တိုင်းဘက်၊ ဝါဝါအစ၊ နှစ်လသည်သာ၊ ယူလေပါ၊ ကြမ်းစွာ တာနေ့ရက်၊ လေ့သွား၊ လှည်းသွား၊ ဘေးရန်များ၊ ရှောင်းရှားနောင်တစ်သက်။

ခပ်သိမ်းကိစ္စဟူသမျှ ရှောင်ကြ တာနေ့ရက်၊ ရှောင်ရန် တာနေ့ ရက်သဘောယူလော့ ဆန်းဆုန်ရက်။ ဝါဆို ဝါခေါင် တစ်ရက်ရှောင် လွှဘောင်ကျိုးအတွက်။ တော်သလင်း၊ ဝါကျွတ် တစ်ရက်လွတ်၊ မချွတ်တာနေ့ရက်။

တန်ဆောင်၊ နတ်တော် သုံးရက်မျှော် ရှောင်သော ကိုယ်ကျိုးဖက်။

ပြာသို တပို့တွဲ၊ လေးရက်စွဲ၊ အမြဲရှောင်ဖို့တွက်၊ တပေါင်း တန်ခူး ငါးရက်ကျူး အထူးရှောင်တစ်သက်။

ကဆုန် နယုန်၊ ခြောက်ရက်ကြို၊ ရှောင်ကုန်တာနေ့ရက်။

## လဆန်း ကိန္နရပ်ရွေးနည်း

ဆန်း ၂ ရက်တွင်၊ တောခုတ်တွင်၊ ထွက်ဝင်မပြုရာ၊ လဆန်း ၄ ရက်၊ ဆန်းကြိုချက်၊ တောင်တက်မပြုရာ၊ ၁၂ ရက်ကား၊ ရှင်ပျော်ပါး၊ ထိမ်းမြားမပြုရာ၊ ၁၄ ရက်ကျ၊ မူကိစ္စ ပြုကပျက်စီးရာ၊ လဆန်းကိန္နရပ်၊ လက်ာထုတ်၊ ကြိုးကုတ်မှတ် ကြပါ။

www.burmeseclassic.com

www.burmeseclassic.com



## လဆုတ် ကိန္ဒရုပ်ရွေးနည်း

လဆုတ်ကြိမ်ခါ၊ ၃ ရက်မှာ၊ လယ်ယာမလုပ်သင့်။ ၇ ရက်မှန်စွ၊ လဆုတ်ကျ၊ မင်းခမပြုနှင့်၊ ၉ ရက်တတွေ၊ လဆုတ်နေ၊ မြေကိုမတူးလင့်၊ ၁၂ ရက်မူ၊ ကိစ္စတူ၊ ပြုသူဘေးဒဏ်သာ၊ လဆုတ်ကိန္ဒရုပ်၊ နည်းအချုပ်၊ မယုတ်မှတ်ကုန်လင့်။

## အမြိတ္တစုတ် ရွေးနည်း

ဝက်၊ ပူးနှင့် ဆင်၊ ဉတွင်ကျားထား၊ ၄ ရက်ကားကြွတ်၊ ၅ ရက်နဂါး၊ သတ်မှာ အဂ်ါ၊ ၈ မှာ ဂဠုန်၊ ဆန်းဆုတ်ကြုံ၊ မှတ်ကုန်အမြိတ္တ၊ အမြိတ္တရက်များ၊ တွေ့ကြုံငြား၊ ကောင်းစွာ ခေါ်ထိပ်ကျ။

အမြိတ္တစုတ်ရက်မှာ လက်ဖွဲ့ထိုးလျှင် အောင်မြင်၊ ဆေးဖော်လျှင် ဆေးစွမ်းထက်မည်။ ဂါထာမန္တရား မန်းမှုတ်လျှင် ပြီးစီးမည်။

မည်သည့်လမဆို လဆန်းလဆုတ် ၁ ရက် သောကြာ ဖြစ်လျှင် အမြိတ္တစုတ်ရက် ဖြစ်၏။

မည်သည့်လမဆို လဆန်းလဆုတ် ၃ ရက်မှာ တနင်္လာ ဖြစ်လျှင် အမြိတ္တစုတ်ရက် ဖြစ်၏။

မည်သည့်လမဆို လဆန်းလဆုတ် ၄ ရက်မှာ ကြာသပတေး ဖြစ်လျှင် အမြိတ္တစုတ်ရက် ဖြစ်၏။

မည်သည့်လမဆို လဆန်းလဆုတ် ၅ ရက်မှာ စနေဖြစ်လျှင် အမြိတ္တစုတ်ဖြစ်၏။

မည်သည့်လမဆို လဆန်းလဆုတ် ၇ ရက်မှာ အင်္ဂါ ဖြစ်လျှင် အမြိတ္တစုတ်ရက် ဖြစ်၏။

မည်သည့်လမဆို လဆန်းလဆုတ် ၈ ရက်မှာ တနင်္ဂနွေ ဖြစ်လျှင် အမြိတ္တစုတ်ရက် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မည်သည့်လမဆို လဆန်းလဆုတ် ၁ ရက်မှာ ဗုဒ္ဓဟူး၊ သောကြာဖြစ်လျှင် အမြိတ္တစုတ်ရက်တို့ ဖြစ်ကြသည်။

## ဝါရမိတ္တု ရက်ရွေးနည်း

၁။ ဆန်းဆုတ် ခြောက်မှာ၊ စနေသာ၊ မှတ်ရာ ဝါရမိတ်။
၂။ ခုနစ်ရက်တွင်၊ သောကြာမြင်၊ မှတ်ချင် ဝါရမိတ်။
၃။ ရှစ်ရက်ကြုံရေး၊ ကြာသပတေး၊ ကြည့်ရေး ဝါရမိတ်။
၄။ ကိုးရက်အကူး၊ ဗုဒ္ဓဟူး၊ မှတ်ဦး ဝါရမိတ်။
၅။ ဆယ်ရက်ကြုံလာ၊ နေ့အင်္ဂါ၊ ရှောင်ရာ ဝါရမိတ်။
၆။ ဆယ့်တစ်အကျ၊ စန္ဒရ၊ မခွ ဝါရမိတ်။
၇။ ဆယ့်နှစ်အကြုံ၊ နေ့ဂဠုန်၊ ခေါ်တုံ ဝါရမိတ်။
၈။ အမှုကိစ္စ၊ ပြုမိကြ၊ သောက လန့်ဦးထိမ်။

ဆန်းဆုတ်ထိုရက်၊ နေ့ရောစွက်၊ ပေါင်းလျှက်ရေတွက်ရာ၊ တစ်ဆယ့်သုံးကျ၊ မြဲမှတ်ပ၊ ဝါရမိတ္တုသာ။

## လ ဒဏ်သင့်ရွေးနည်း

ပိတောက်၊ ကျွန်း၊ အင်၊ သင်းဝင်၊ ယမ်းဆား၊ လေးလံသွား၊ မှတ်သား လဒဏ်သင့်၊ အမှုကိစ္စ၊ ပြုသမျှ၊ လောက ရှုပ်ပွေလင့်။

တန်ခူးလ၊ ဝါခေါင်လ၊ နတ်တော်လ၊ ကြာသပတေး၊ စနေကို ရှောင်ကြ။

ကဆုန်လ၊ တော်သလင်းလ၊ ပြာသိုလ၊ တနင်္ဂနွေ၊ တနင်္လာကို ရှောင်ကြ။

နယုန်လ၊ သီတင်းကျွတ်လ၊ တပို့တွဲလ၊ သောကြာ၊ ဗုဒ္ဓဟူးကို ရှောင်ကြ။

www.burmeseclassic.com



ဝါဆိုလ၊ တန်ဆောင်မုန်းလ၊ တပေါင်းလ၊ အင်္ဂါ၊ ရာဟုကို ရှောင်ကြ။

## လ တွင်းရွေးနည်း

ဆူး၊ ရစ်၊ သ၊ လဲ၊ အုန်း၊ နှဲ၊ ကျွန်းအင်း၊ လေးလစဉ်၊ မှတ်ချင်၊ လတွင်းကျ၊ ဤသည့်ရက်မှာ မရှောင်ပါ၊ နောင်ခါ ဘေးဒုက္ခ။

လလျှင်တွင်းကျ၊ သိကြောင်းပြအံ့၊ နာကြွအထူး၊ မှတ်ရှေ့လ ဦးရှင်၊ တန်ခူးဝါခေါင်၊ ထိုနောင်နတ်တော်၊ ထင်ပေါ်ခြသေ့၊ ဟိုင်းကိုတွေ့၊ ကြည့်၍ရှောင်ကုန်၊ ကဆုန်တော်သလင်း၊ ပြာသို တွင်းကား၊ ပူးမင်းဆံင်၊ ရှောင်ကြဉ်လေကုန်၊ နယုန်ဝါကျွတ်၊ နှင်းစွတ်စိုရွဲ၊ တပို့တွဲမူ ပုံဝဲတောင်ဟုန်၊ ဂဠုန်နဂါး၊ ရှောင်ရှား မှတ်ဖွယ်၊ ပျက်လွယ်တတ်၏၊ ထွန်းပဝါဆို၊ ရှောင်လိုတန်ဆောင်၊ မှလောင်တပေါင်း၊ ထောင်းထောင်းကြေညက်၊ ကျားနှင့်ကြွက်တည်း ဆောင်ရွက်သမျှ ဒုက္ခမကင်း၊ ဘေးမရှင်းသည်၊ တွေ့မြင်ခဏ လတွင်းကျ။

## သမားညိုရက် ရွေးနည်း

တန်ခူးဆောင်မုန်း၊ ချမ်းတုန်နတ်တော်၊ လသုံးဖော်၊ မလျော်ဥနှဲရှောင်၊ ဂုဏ်ကဆုန်၊ နယုန်လဘက်၊ နေ့နံနက်၊ တစ်သက်လွတ်လွတ်ရှောင်၊ ဝါဆိုသံတောင်၊ ဝါခေါင်-ပြာသို၊ နှစ်လကို၊ မလိုအင်ကြင်းရှောင်၊ တော်သလင်း-တပို့တွဲ၊ ဖလရှောင်ခွာ၊ ဝါကျွတ်-တပေါင်း၊ ပျက်တုံ့ရှောင်း၊ မကောင်း သပြေရှောင်၊ သမားညိုခေါ်ရိုး သည်နေ့ဆိုးမှုမျိုး လွတ်အောင်ရှောင်၊

သမားညိုရက်မှာ အိမ်ဆောက်ရင် မီးလောင်မယ်။

ထိမ်းမြားမင်္ဂလာပြုရင် မုဆိုးမဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com


ပညာသင်ရင် အမြီးမရောက်။
တန်ခူးလမှာ တနင်္ဂနွေ၊ စနေ သမားညို။
ကဆုန်လ တနင်္လာ၊ အင်္ဂါ သမားညို။
နယုန်လ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သမားညို။
ဝါဆိုလ သောကြာ၊ စနေ သမားညို။
ဝါခေါင်လ တနင်္ဂနွေ၊ တနင်္လာ သမားညို။
တော်သလင်းလ အင်္ဂါ၊ ဗုဒ္ဓဟူး သမားညို။
သီတင်းကျွတ်လ ကြာသပတေး၊ သောကြာ သမားညို။
တန်ဆောင်မုန်းလ စနေ၊ တနင်္ဂနွေ သမားညို။
နတ်တော်လ စနေ၊ တနင်္လာ သမားညို။
တပို့တွဲလ အင်္ဂါ၊ ရာဟု သမားညို။
တပေါင်းလ၊ ကြာသပတေး၊ သောကြာ သမားညို။

အုန်းနှဲ့ခူစံ၊ လက်ပံသတင်း၊ အင်ကြင်းဆူးလေ၊ သပြေအနမ်း၊ အုန်းထန်းအကုန်၊ စုရုံးပုံသည်၊ ရှောင်ကြ သမားညို၊ တစ်လနှစ်ရက်ဆို။

## သမားဖြူ ရက်ရွေးနည်း

အုံတုံ–တစ်ရက်၊ နှစ်ရက်မှအုန်း၊ သုံးရက်သပြေ၊ ပေမှာလေးရက်၊ ငါးရက်မှာရှောင်၊ ခြောက်ရက်ငှက်ပျော၊ သောခုနှစ်ရက်၊ ဆန်းဆုတ်ထွက်၊ ရက်ကန်းသမားဖြူ၊ ရှောင်လေဟူ။

| | | | | | |
|---|---|---|---|---|---|
| လဆန်း | လဆုတ် | ၁ ရက် | အုံတုံ | = | တနင်္ဂနွေ၊ စနေ |
| လဆန်း | လဆုတ် | ၂ ရက် | အုန်း | = | တနင်္ဂနွေ |
| လဆန်း | လဆုတ် | ၃ ရက် | သပြေ | = | သောကြာ၊ ကြာသပတေး |
| လဆန်း | လဆုတ် | ၄ ရက် | ပေ | = | ကြာသပတေး |

www.burmeseclassic.com

www.burmeseclassic.com



လဆန်း လဆုတ် ၅ ရက် ရှောက် = ဗုဒ္ဓဟူး

လဆန်း လဆုတ် ၆ ရက် ငှက်ပျော= တနင်္လာ၊

ကြာသပတေး။

လဆန်း လဆုတ် ၇ ရက် သော = သောကြာ

## မဟာရက်

သုံး၊ ခြောက်ရက်ကြို၊ ရှောင်လေကုန်၊ ဂျွန်ဆန်းလမှာ၊ ငါး၊ ရှစ်ရက်တွင်၊ ရှောင်ဖယ်ကြဉ်၊ ဆန်းလျှင် တနင်္လာ၊ ခုနစ်တစ်ဆယ်၊ ရှောင်ရှားဖယ်၊ ဆန်းကြယ်နေ့အင်္ဂါ။

မဟာရက်ကြမ်းခေါ် ရက်တံကျင်ကိုရှောင်ကြ၊ ထိုရက်တွင်လှေနှင့် ခရီးသွားမယ်ဆိုရင် လှေနစ်မယ်။ တောတောင်ကိုသွားရမယ်ဆိုရင် ဘေးတွေ့မယ်။ ကျောင်းဆောက်မယ်၊ အိမ်ဆောက်မယ်ဆိုရင် ငွေကုန်ကြေးကျများမယ်။ ငွေပေးမလောက်ဖြစ်မယ်။ တာနောရက်လည်း ခေါ်သည်။

ဝါဆိုလ၊ ဝါခေါင်လ၊ လဆန်းလဆုတ် ၁ ရက်ကို ရှောင်ကြ၊ မဟာရက်ကြမ်း။

တော်သလင်းလ၊ သီတင်းကျွတ်လ၊ လဆန်းလဆုတ် ၂ ရက်ကို ရှောင်ကြ၊ မဟာရက်ကြမ်း။

တန်ဆောင်မုန်းလ၊ နတ်တော်လ၊ လဆန်းလဆုတ် ၉ ရက်ကို ရှောင်ကြ၊ မဟာရက်ကြမ်း။

ပြာသိုလ၊ တပို့တွဲလ၊ လဆန်းလဆုတ် ၄ ရက်ကို ရှောင်ကြ၊ မဟာရက်ကြမ်း။

တပေါင်းလ၊ တန်ခူးလ၊ လဆန်းလဆုတ် ၅ ရက်ကို ရှောင်ကြ၊ မဟာရက်ကြမ်း။

ကဆုန်လ၊ နယုန်လ၊ လဆန်းလဆုတ် ၆ ရက်ကို ရှောင်ကြ၊ မဟာရက်ကြမ်း။

www.burmeseclassic.com

www.burmeseclassic.com



## ရက်ပုပ်ရွေးနည်း

အုန်း၊ နှဲ၊ ချူစံ၊ လက်ပံ၊ သီတင်း၊ အင်ကြင်း၊ ဆူးလေ၊ သပြေ၊ အနမ်း၊ အုန်း၊ ထန်း၊ အကုန်၊ စရှုံပုံသည်၊ ရှောင်ကြ ကုန်ရာ ရက်ပုပ်မှာ ရေးပါတန်ခူးလ၊ မှတ်ကုန်ကြ။

| | | |
|---|---|---|
| လဆန်း လဆုတ် | ၁ ရက် | ၁ နွေ |
| ။ | ၄ ရက် | ၂ လာ |
| ။ | ၆ ရက် | ၃ ဂါ |
| ။ | ၉ ရက် | ၄ ဟူး |
| ။ | ၈ ရက် | ၅ တေး |
| ။ | ၇ ရက် | ၆ ကြာ |
| ။ | ၈ ရက် | စနေ |

နေ့ကြုံမူရက်ပုပ်ဖြစ်၍ မကောင်းပါ။

## နဂါးလှည့်အစဉ်အတိုင်းယူနည်း

တ၊ တာ၊ က–နောက်၊ နှ၊ ဝါ၊ ဝါ၊ မြောက်၊ တော်၊ ကျတ်၊ မုန်း–ရှေ့၊ နတ်၊ ပြာ၊ တွဲ–တောင်၊ ဘုန်းခေါင်လူငြား၊ နတ်နဂါး၊ ခေါင်းငြားလှည့်ရပ်၊ မသွားအပ်။

ပေါင်း၊ ခူး၊ ဆုန် ဤသုံးလ၊ နောက်မှာ ဦးခေါင်းသာ။ မြောက်မူဝမ်းပြင်၊ တောင်ခွင်ကျောထား၊ အမြီးဖျား၊ ရှေ့ပါး နေသည်သာ။ လက်ယာရစ်နေ၊ ဤနည်းပေ၊ ဖြောင့်လေသုံးလမှာ၊ မင်္ဂလာဆောင်လေ၊ ပြောင်းရွှေ့ပြည်ရွာ၊ မြင်းပါကျွဲနွား၊ ဝယ်ငြားယူမွေး၊ ကြောင်၊ ခွေး၊ ကြက်ပင်၊ ခံတွင်းဝင်၊ ရှောင်ကြဉ် ဝေးဝေးခွာ။

စလုတ်ကိုဖောက်၊ အမောက်လည်ပင်း၊ ကျောကုန်း၊ ထွန်လျှင်လယ်နှင့်ယာ၊ ဝမ်းပြင်မှာကြွက်၊ ခေါင်းဘက်ဂဠုန်၊

www.burmeseclassic.com



ကျောတုံပူစီး၊ အမြီးဆိုင်နင်း၊ အိမ်ဆောက်လျှင်၊ တွင်းကို တူးအပ်စွာ။

နယုန်၊ ဝါဆို၊ ဝါခေါင်၌ အရှေ့မြောက်က အနောက်သို့ ထွန်ပြီးလျှင် တောင်သို့လှည့်၍ လယ်ထွန်ခြင်းသည် စလုတ်ဖောက်၊ အမောက်လည်ပင်း၊ ကျော်နင်းထွန်နည်းမည်၏။ အိမ်ဆောက်သောအခါ စမ်းပြင်အရပ်က ကြာသပတေးနေ့သား၊ ဦးခေါင်း အရပ်ကို စနေသား၊ ကျောအရပ်က သောကြာ၊ အမြီးအရပ်က ဗုဒ္ဓဟူးနေ့သား နေစေ၍ တွင်းတူးရာ၏။

## နဂါးပေါ်ရက်ရွေးနည်း

၁–နွေဆန်းသောလ၌ လဆန်း ၂၊ ၁၀ရက်၊ လဆုတ်– ၃ရက်

၂–လာ ဆန်းသောလ၌ လဆန်း ၁ရက်၊ လဆုတ် ၆ရက်။

၃–ဂ၊ ဆန်းသောလ၌ လဆန်း ၂ရက်၊ လဆုတ် ၄ ရက်။

၄–ဟူး ဆန်းမူ လဆန်း ၂ ရက်၊ လဆုတ် ၄ ရက်။

၅–တေး ဆန်း လဆန်း ၁၂ ရက်၊ လဆုတ် ၂ ရက်။

၆–ကြာ ဆန်းမူ လဆန်း ၄ ရက်၊ လဆုတ် ၄ ရက်။

စနေဆန်းမူ လဆန်း ၂ရက်၊ လဆုတ် ၆ ရက်နေ့သည် နဂါးပေါ်ရက်ဖြစ်၍ ရှောင်ရာ၏။

## နတ်နေ လာဘ်နေ ရွေးနည်း

အုန်း၊ သီး၊ ဆက်၊ လေ၊ တောင်၊ က၊ ရွာ၊ မှာ (နတ်လိုလျှင် စနေထောင့်က၊ လာဘ်ကိုလိုလျှင်၊ တနင်္ဂနွေထောင့်က စ၍ လက်ယာရစ်ရေလေ)

www.burmeseclassic.com

www.burmeseclassic.com



## တစ်နည်း နတ်နေရွေးနည်း

အုန်းသီးဆက်လာ၊ တောင်ကရွာမှာ၊ နတ်တောင်ညာက လက်ယာသို့ပတ်၊ နတ်နေမှတ် (ဤနည်းကား အရပ်ရှစ်မျက်နှာ)

<u>ပျားစွဲအဟော</u> ॥ ॥ ပျားသည် အရှေ့ဘက်မှ လာ၍စွဲမူ စီးပွားပျက်တတ်သည်။ ပျားသည် အနောက်ဘက်မှ လာ၍စွဲမူ လာဘ်ရတတ်သည်။ ပျားသည် တောင်မှ လာ၍စွဲမူ သောက ရောက်တတ်သည်။ ပျားသည် မြောက်ဘက်မှ လာစွဲမူ စီးပွားတိုး တက်သည်။ ပျားသည် အရှေ့မြောက်ဘက်မှ လာစွဲမူ မင်းပူဇော် ခံရတတ်သည်။ ပျားသည် အရှေ့တောင်မှ လာ၍စွဲမူ အကြံအစည် အောင်မြင်တတ်သည်။ ပျားသည် အနောက်မြောက်မှ လာ၍စွဲမူ ဥစ္စာပစ္စည်း တိုးပွားတတ်သည်။ ပျားသည် အနောက်တောင်မှ လာ၍စွဲမူ ဘေးတွေ့ရတတ်သည်။ ပျားသည် အိမ်၏အထက်ပိုင်း ထုတ်လျှောက်ဒိုင်မြားတို့၌ လာ၍စွဲမူ ဥစ္စာပစ္စည်း လျော့ပါးပျက်စီး တတ်သည်။ ပျားသည် အိမ်၏အောက်ပိုင်း၌ လာ၍စွဲမူ စီးပွားတက် တတ်သည်။ ပျားသည် အိမ်တံခါး၌စွဲမူ လာဘ်ရတတ်သည်။ ပျားသည် လှေခါးအောက် လာ၍စွဲမူ ပျက်စီးတတ်သည်။ ပျားသည် ပုဆိုးအဝတ်၌ လာ၍စွဲမူ မြတ်သောစည်စိမ်ကို ရတတ်သည်။ ပျားသည် အိပ်ရာ၌ လာ၍စွဲမူ ချမ်းသာတတ်သည်။ ပျားသည် တင်းကုပ်၌ လာ၍စွဲမူ စွပ်စွဲခံရတတ်သည်။

<u>တောင်ပို့ပေါက်အဟော</u> ॥ ॥ အိမ်၏ အရှေ့တောင်အရပ် ပေါက်လျှင် ပူပင်ရတတ်သည်။ အိမ်၏အနောက်အရပ် ပေါက်လျှင် နာဖျားတတ်သည်။ အိမ်၏ အနောက်တောင်က ပေါက်လျှင် သောကရောက်တတ်၏။ ကျန်အရပ်များပေါက်လျှင် ချမ်းသာ တတ်သည်။ မကောင်းရပ်နေ၊ ပေါက်လာပေ၊ ရွှေငွေကောင်း လေကြံ။ ဤသို့ယတြာ၊ ပြုသောအခါ ရောဂါကင်းပေ။

www.burmeseclassic.com

www.burmeseclassic.com



<u>အိမ်မြှောင်စုတ်ထိုးအဟော</u> ။ ။ အိမ်မြှောင်သည် အရှေ့အရပ်က မြည်မူ စီးပွားပျက်တတ်၏။ အိမ်မြှောင်သည် အနောက်အရပ်က မြည်မူ ခြေလေးချောင်ရတတ်သည်။ အိမ်မြှောင်သည် တောင်အရပ်က မြည်မူ ဘေးရောက်တတ်၏။ အိမ်မြှောင်သည် မြောက်အရပ်က မြည်မူ လာဘ်ရတတ်၏။ အိမ်မြှောင်သည် အရှေ့မြောက်အရပ်က မြည်မူ ပစ္စည်းပိုလာတက်သည်။ အိမ်မြှောင်သည် အရှေ့တောင်အရပ်က မြည်မူ ခိုက်ရန်ဖြစ်ပွား တတ်သည်။ အိမ်မြှောင်သည် အနောက်မြောက်အရပ်က မြည်မူ စီးပွားတိုးတက်သည်။ အိမ်မြှောင်သည် အနောက်တောင် အရပ်က မြည်မူ အခိုးခံရတတ်သည်။ အိမ်မြှောင်သည် အထက်က မြည်မူ စီးပွားတိုးတက်၏။ အိမ်မြှောင်သည် အောက်မှ မြည်မူ နာဖျား တတ်သည်။

BURMESE CLASSIC

<u>လက်ဝဲဘက်အသားလှုပ်အဟော</u>။ ဦးကင်းလှုပ်မူ သောက ရောက်အံ့၊ မျက်ခုံးလှုပ်မူ လာဘ်ရအံ့၊ မျက်ခမ်းလှုပ်မူ ဘေးတွေ့အံ့၊ နှာခေါင်းလှုပ်မူ ဝမ်းမြောက်ရအံ့၊ ပါးစပ်လှုပ်မူ ဥစ္စာရအံ့၊ နားလှုပ်မူ အလိုပြည့်အံ့၊ နံလှုပ်မူ လာဘ်ရအံ့၊ ခါးလှုပ်မူ အဝတ်အစားရအံ့၊ ရင်ဘက်လှုပ်မူ မကောင်းသတင်းကြားအံ့၊ ဆီးစပ်လှုပ်မူ အကြီး အကဲမျက်အံ့၊ တင်သားလှုပ်မူ လာဘ်ရအံ့၊ ပေါင်သားလှုပ်မူ ရန်တွေ့အံ့၊ ပခုံးသားလှုပ်မူ ဥစ္စာရအံ့၊ လက်ဝါးလှုပ်မူ ရွှေငွေရအံ့၊ ဒူးလှုပ်မူ စိတ်ဆင်းရဲရအံ့၊ ခြေသလုံးလှုပ်မူ မိန်မနှင့်စကားများအံ့။

<u>လက်ယာဘက် အသားလှုပ်အဟော</u>။ ။ ဦးကင်းလှုပ်မူ ဥစ္စာရအံ့၊ အထက်မျက်ခုံးလှုပ်မူ လာဘ်ရအံ့၊ အောက်မျက်ခုံးလှုပ်မူ ဘေးတွေ့အံ့၊ နှုတ်ခမ်းလှုပ်မူ ချစ်သူနှင့်တွေ့အံ့၊ ဝါးလှုပ်မူ သူတစ်ပါးမျက်သိအံ့၊ ပါးလှုပ်မူ ချစ်သူတွေ့ရအံ့၊ ကျော်ပြင်လှုပ်မူ ကျော်ကြားအံ့၊ ပခုံးလှုပ်မူ ပဝါရအံ့၊ ချိုင်းလှုပ်မူ ချမ်းသာအံ့၊

www.burmeseclassic.com

www.burmeseclassic.com



လက်ရှုံးလှုပ်မှု မိတ်ဆွေကောင်းရအံ့၊ လက်ဝါးလှုပ်မှု အကြံအောင်အံ့၊ ရင်ဘတ်လှုပ်မှု ကောင်းစားအံ့၊ နို့လှုပ်မှု လာဘ်ရအံ့၊ ဝမ်းပျဉ်းလှုပ်မှု အစားကောင်းစားရအံ့၊ ဆီးစပ်လှုပ်မှု ပေးကမ်းချီးမြှင့်သူပေါ်အံ့၊ တင်ပါးလှုပ်မှု ကြီးသူငြိုငြင်အံ့၊ ပေါင်သားလှုပ်မှု အလိုပြီးစီးအံ့၊ ခြေဖဝါးလှုပ်မှု ခရီးသွားရအံ့။

**<u>လယ်နတ်ပူဇော်၍ လယ်ထွန်နည်း။</u>** ။ လယ်နတ်ကိုသာ ပူဇော်ယူနည်း နာယူကုန်ကြ၊ နွားတတ်လျက်သာ ထွန်ကိုင်မှာ ကိုင်ကာသပြီးမှ မြတ်လေးဖြူခွာ ပန်းနံ့သာ လယ်မှာတင်ပသ၊ သဗ္ဗာဒ္ဓိသာ ရှင်းရှင်းကွာ များစွာသီတက်လှ။

**<u>မိုးခေါင်းမည်သိကြောင်း နိမိတ်အဟော</u>** ။ ။ မိုးအခါဖြစ်တက်ပုရွတ်အမျိုး ရေအိုးအောက်ဝင် ဖြစ်ခဲ့ချင် မိုးလျှင်ခေါင်တက်စွာ၊ ဖားသတ္တဝါက၊ ကန်ကျက်စား မိုးများခေါင်တတ်လှ၊ ဖားမြည်သံပါ ဖြစ်တုန်ငြား မိုးများသွေ့ရှောင်ကြ၊ ငှက်သိုက်ခြေနားပြုလာငြား မိုးများရွာထူးပ၊ ပုဇွန်ရေနား တွင်းကိုထား မိုးများ၏ခေါင်ကြောင်းပြ ရေသတ္တဝါကုန်၊ ကုန်းသတ္တဝါရေ ကျက်စားလေ မိုးလေကင်းမည်ပ။

**<u>လူကိုကြွက်ခဲ နိမိတ်အဟော</u>**။ ။ကြွက်ခဲသည်ကို ဟောနည်းဆိုလူဗိုလ်မှတ်နာကြ၊ လက်ကိုခဲလေ ရရွှေငွေ၊ ခြေမှာ လာဘ်လာက သလုံးသားခဲလာ ဘေးရောဂါ မှတ်ပါစိတ်ကြီးစွ။

**<u>အဝတ်ကြွက်ခဲ နိမိတ်အဟော</u>**။ ။ လူတို့ဝတ်စားအဝတ်များ၊ ကြွက်သွားခဲပြန်ချက်၊ နှစ်ပတ်အနား ကြွက်ခဲငြား စီးပွားယွင်းယိုပျက်၊ လေးထောင့်၌တွင် ကိုက်ခဲလျှင် လွန်ပစ်စီးပွားတက်၊ ကြွင်းအရပ်မှ၊ ကြွက်ခဲလာ ရောဂါလွန်နှိပ်စက်၊ ကောင်းနိမိတ်သာ ထင်သေးအခါ ရတနာသုံးပါးတက်။

www.burmeseclassic.com

www.burmeseclassic.com



<u>**အိမ်ဆောက်လရွေးနည်း**</u>။ ။ တန်းခူးလမှာ အိမ်ဆောက်ခါ ချမ်းသာပြည့်ကြွယ်ဝ။ ကဆုန်လကား ဆန်စပါး ပေါများကြွယ်တက်လှ။ ဝါခေါင်လမှာ အိမ်ဆောက်ခါ ဥစ္စာတိုးပွားရ။ နတ်တော်လတွင် အိမ်ဆောက်လျှင် ပေါ်ထွန်းကျော်စောစွ။ ပြာသိုလမှာ လူတက်က များစွာချီးမွမ်းရ။ တပေါင်းလဝယ် ချမ်းသာကြွယ် ဆောင်ဖွယ် ဤခြောက်လ။

<u>**အိမ်ဆောက်နေ့ရွေးနည်း**</u>။ ။တနင်္ဂနွေနေ့ အိမ်ဆောက်မှု ဆင်းရဲ ဒုက္ခဖြစ်တတ်သည်။ တနင်္လာနေ့ အိမ်ဆောက်မှု မကြာမီ ချမ်းသာတတ်သည်။ အင်္ဂါနေ့အိမ်ဆောက်မှု ဆန်ရေစပါး ပေါများတတ်သည်။ ဗုဒ္ဓဟူးနေ့ အိမ်ဆောက်မှု ကြွယ်ဝချမ်းသာ တတ်သည်။ ကြာသပတေးနေ့ အိမ်ဆောက်မှု ချမ်းသာသုခရှိ တတ်သည်။ သောကြာနေ့ အိမ်ဆောက်မှု အလွန်ချမ်းသာ တတ်သည်။ စနေနေ့ ဆောက်မှု သူတစ်ပါးညှင်းပန်းခြင်း ခံရတတ်သည်။

<u>**အိမ်ဆောက်ပန္နက်ရိုက်နည်း**</u>။ ။တနင်္ဂနွေသား အိမ်ဆောက်လျှင် ကြာသာပတေးသားကို ကြိုးရင်းကိုင်၊ သောကြာသား ကြိုးဖျားကိုင်၊ စနေသား ပန္နရိုက်ရမည်။ တနင်္လာသား အိမ်ဆောက်လျှင် သောကြာသား ကြိုးရင်းကိုင်၊ စနေသား ကြိုးဖျားကိုင်၊ တနင်္ဂနွေသား ပန္နရိုက်ရမည်။ အင်္ဂါသား အိမ်ဆောက်လျှင် စနေသားကြိုးရင်းကိုင်၊ တနင်္ဂနွေသား ကြိုးဖျားကိုင်၊ တနင်္လာသား ပန္နရိုက်ရမည်။ ဗုဒ္ဓဟူးသား အိမ်ဆောက်လျှင် တနင်္ဂနွေသား ကြိုးရင်းကိုင်၊ တနင်္လာသား ကြိုးဖျားကိုင်၊ အင်္ဂါသား ပန္နရိုက်ရမည်။ ကြာသာပတေးသား အိမ်ဆောက်လျှင် တနင်္လာသားကြိုးရင်းကိုင်၊ အင်္ဂါသား ကြိုးဖျားကိုင်၊ ဗုဒ္ဓဟူးသား ပန္နရိုက်ရမည်။ သောကြာသား အိမ်ဆောက်လျှင် အင်္ဂါသားကြိုးရင်းကိုင်၊ ဗုဒ္ဓဟူးသား ကြိုးဖျားကိုင်၊

www.burmeseclassic.com

www.burmeseclassic.com



ကြာသာပတေးသား ပန္နရိုက်ရမည်။ စနေသား အိမ်ဆောက်လျှင် ဗုဒ္ဓဟူးသားကြိုးရင်းကိုင်၊ ကြာသပတေးသား ကြိုးဖျားကိုင်၊ သောကြာသား ပန္နရိုက်ရမည်။

## ကျမ်းညွှန်းစာအုပ်များ

၁။ လောကီပဒေသာညွှန်ပေါင်းကျမ်း(မူဟောင်း)
၂။ သိမှတ်ဖွယ်ရာ လောကီပဒေသာ။
၃။ အိပ်မက်တိတ္ထုံနှင့် မှဲ့အမျိုးမျိုးအဟောကျမ်း
၄။ လောကီရေးရာအဖြာဖြာ ဗဟုသုတပဒေသာ နန္ဒာမင်းဆက် (သီပေါ်ဘွဲ့)

BURMESE CLASSIC

www.burmeseclassic.com